# စေ့ထားသည့်
# အချစ်တံခါး

အောင်မြတ်ဦး



Design Antt Bwere (Stars)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

အောင်မြတ်ဦး

# မေ့ထားသည့် အချစ်တံခါး

(အမြင်သစ် – အချစ်ဖွင့်ဆိုချက်များ)

ရန်အောင် စာပေ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ၁၂၇/၂၀၀၃(၂)

မျက်နှာဖုံးခွင့်ပြုချက် ၂၂၄/၂၀၀၃(၄)

❒

ပုံနှိပ်ထုတ်ဝေခွင့်

ပထမအကြိမ် ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ

❒

မျက်နှာဖုံးဒီဇိုင်း

အုံဖွယ်ဇင်

STARS COLOUR

❒

အုပ်ရေ - ၁၀၀၀

❒

စာအုပ်ချုပ် - ကိုမြင့်

❒

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်းပုံနှိပ်တိုက်၊

၂၄၂၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❒

ထုတ်ဝေသူ

ဦးမောင်ကလေး (၀၀၆၅)၊ သောကြာစာအုပ်တိုက်၊

အမှတ်(၁၅)၊ ညြဘာလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး 700 ကျပ်

စေ့ထားသည့် အချစ်တံခါး

# မာတိကာ

## နိဒါန်း

(သို့မဟုတ်)

အချစ်နှင့် ဘဝကို ထွေးဖက်ငြိမ်းချမ်းခြင်း

## အပိုင်း တစ်

### အချစ်သံစဉ်ရိပ်များ


၁။ ချစ်ခြင်း အနုပညာ

၂။ အချစ်နှင့် ပေါင်းစပ်မှု ကိန်းဂဏန်းများ

၃။ အချစ်၏ သဘောသဘာဝများ

၄။ အချစ်နှင့် ခံစားမှု (၁)

၅။ အချစ်နှင့် ခံစားမှု (၂)


ရန်အောင် စာပေ

၆။ အချစ်သည် အိုသည်မရှိ

၇။ အချစ်နှင့် ဘဝ

၈။ အချစ်နှင့် အိမ်ထောင်ရေး

၉။ ယောကျ်ားတို့၏ အချစ်

၁၀။ မိန်းမတို့၏ ချစ်ခြင်းမေတ္တာ

## အပိုင်း၊ နှစ်

## အချစ် အနုအရင့် ထုဆစ်ကြည့်ခြင်း၊

## အချစ်၏ သဘော

၁၁။ အချစ်ကို ခြေဖျက်သည့် အကြောင်းတရားများ

၁၂၊ အချစ်ကို စွဲစေသောနည်း

၁၃။ အချစ်၏ လျှို့ဝှက်ချက်များ

စေ့ထားသည့် အချစ်တံခါး

၁၄။ အချစ်သည် ပိုင်ဆိုင်ခြင်းလော၊ စွန့်လွှတ်ခြင်းလော

၁၅။ အချစ်၏ ဖွင့်ဆိုချက်များ

အပိုင်း သုံး

အချစ်၏ ပြယုဂ်

၁၆။ အိမ်ထောင်ပြိုကွဲခြင်း၏ လျှို့ဝှက်ချက်

၁၇။ အချစ်ပြယုဂ် (၁)
ချစ်လျက် မုန်းရသည့် အကြောင်းအရင်း
သို့မဟုတ် မိန်းမတို့ သိလာရန်

၁၈။ အချစ်ပြယုဂ် (၂)
မိန်းမတစ်ဦး၏ ထူးခြားသည့် အချစ်ရာဇဝင်

နိဂုံး

သို့မဟုတ်

အချစ် သက်တော်ရာကျော် ရှည်စေသောနည်း

ရန်အောင် စာပေ

**နိဒါန်း**

**သို့မဟုတ်**

**အချစ်နှင့်ဘဝကို ထွေးဖက်ငြိမ်းချမ်းခြင်း**

(၁)

လူတိုင်းသည် အချစ်နှင့် မကင်းကြ။ အချစ်နှင့် ပတ်သက်၍ ခံစားဖူးသူချည်းပင်။ အချစ်နှင့် ပတ်သက်၍ မခံစားဖူးသူကလည်း အချစ်ကို ထွေးဖက်ခံစားရန် ကြိုးစားခဲ့ကြသည်။

သို့သော် လူအတော်များများသည် အချစ်၏အနက်အဓိပ္ပါယ်နှင့် အချစ်၏သဘောသဘာဝကို ကောင်းစွာမသိကြချေ။ အချို့က သိသယောင်ပြုကြသော်လည်း မသိ။ အသေ

အချစ် စဉ်းစားကြည့်လိုက်လျှင် လူတို့သိသော အချစ်သဘော တရားများသည် ပုဝါခြားထားသလို ခပ်ဝါးဝါးဖြစ်နေသော ကြောင့်တည်း။ ။

(၂)

တစ်ခါက ကျွန်တော့်ကို မိတ်ဆွေတစ်ဦးက . . .

*"အချစ်ဆိုတာ ဘာလဲ"*

ဟု မေးဖူးသည်။

ကျွန်တော်က . . .

*"အချစ်ဆိုတာ လိင်မတူသူ သူစိမ်းနှစ်ဦးရဲ့ ရင်ထဲက နွေးထွေးတဲ့ ခံစားမှု"*

ဟု ဖြေခဲ့သည်။

သူ ဘဝင်ကျပုံ မရ။

သို့သော် သူက . . .

*"အချစ်ဆိုတာ ဘဝနဲ့ကော ပတ်သက်နေလား"*

ဟု မေးပြန်၏။ ထိုအခါ ကျွန်တော်က . . .

*"အချစ်နဲ့ ဘဝဆိုတာ ယှက်နွယ် ပတ်သက်နေတဲ့ အရာပဲ။ အချစ်နဲ့ ဘဝ သဟဇာတဖြစ်မှုကြောင့် ချိုမြိန်တဲ့ ခံစားမှုကို ခံစားရသလို၊ ငြိမ်းချမ်းမှုကိုလည်း ရစေတယ်"*

ဟု ဖြေတော့ သူက . . .

*"အချစ်ဆိုတာ စွမ်းအား ကြီးမားတာပဲနော်"*

ဟု ဆို၏။

သူ အဘယ့်ကြောင့် သည်စကားကို ပြောသည်ကို မသိသော်လည်း၊ လူအတော်များများအား အချစ်နှင့်ပတ်သက်၍ ပြောချင်စိတ်များ ကျွန်တော့်စိတ်တွင် ယိုဖိတ်လာခဲ့သည်။ အချစ်အကြောင်းသည် လူတိုင်း သိသင့်သည့်အကြောင်းလည်း ဖြစ်သည်ဟု နားလည်ခဲ့သည်။

သို့ဖြင့် ဤမည်သော ချစ်မှုရေးရာ အဖြေလွှာမည်သည့် "**မေ့ထားသည့် အချစ်တံခါး**" အမည်ရှိ အချစ်စာအုပ် တစ်အုပ်ကို ရေးသားရန် ဆုံးဖြတ်ခဲ့သည်။

ဤစာအုပ်သည် အချစ်နှင့်ပတ်သက်၍ စူးရှကြည်

လင်သော အကြောင်းစဉ်တစ်ခုလည်း မည် မည်ဖြစ်သလို၊ လူသားတို့ (စာဖတ်သူ) အတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်း စရာဟုလည်း ယူဆခဲ့၏။

(၃)

မည်သို့ဆိုစေ၊ ကျွန်တော် **'ဧရာထားသော အချစ် တံခါး'** စာအုပ်ကို ပြုစုမိပြီ။ စာဖတ်သူအတွက် အကျိုးတစ်စုံ တစ်ရာ ဖြစ်ထွန်းမည်ဆိုလျှင် ကျွန်တော် ကျေနပ်လှပေပြီ။

စာဖတ်သူတို့ရဲ့ . . .

**(အောင်မြတ်ဦး)**

**၁၀ . ၈ . ၀၂**

**နံက် ၂ း ၂၀ မိနစ်**

ပူဆွေးရခြင်း၊
ငိုကြွေးရခြင်း၊
စိတ်ဆင်းရဲရခြင်း၊
ကိုယ်ဆင်းရဲရခြင်း၊
အစရှိသည်တို့ ဖြစ်ရသည်ကား
'အချစ်' ကြောင့်ပင် ဖြစ်သည်။
(ဗုဒ္ဓ)

အပိုင်း
( တစ် )
'အချစ် သံစဉ်ရိပ်များ'

ရန်အောင် စာပေ

## (၁)
## 'ချစ်ခြင်း၊ အနုပညာ'

လူသားနှင့်အချစ်သည် ခွဲခြား၍ မရသကဲ့သို့ မရှိမဖြစ် လိုအပ်မှုတစ်ခုဟု လူတိုင်း နားလည်ထားကြသည်။ စင်စစ်မူ "ချစ်ခြင်း"သည် လူသားတို့အတွက်သာမဟုတ်၊ သားရဲတိရိစ္ဆာန်များတွင်ပင် တွဲကပ်ငြိစွန်းမှု ရှိနေကြသည်ဟု ဆိုလျှင် မမှားပါ။

ဆိုရလျှင် "အချစ်" သည် "ပျံ့ပွားစည်ပင်၊ ငြိမ်းချမ်းမှု၏ အနက်သရုပ်" ဟု ဆိုလျှင်လည်း မှန်သည်။ ထို့အတူ "အချစ်" သည် "**အနုပညာဆန်လှုပ်ရှားသော ငြိမ်းချမ်းမှု**" ဟု ဆိုလျှင်

ပို၍မှန်သည်။

"အချစ်"သည် သက်ရှိသတ္တဝါတိုင်း၏ လိုအပ်ပစ္စည်း (သို့မဟုတ်) ခံစားပစ္စည်းလည်း မည်၏။ သို့သော် လူသားတို့က အချစ်ကို ပို၍ခံစားနားလည်ကြသည်ဟု ဆိုရမည်။ အချစ်သည် မရှိမဖြစ် လိုအပ်ပစ္စည်း (ခံစားမှု) ဟု သိရှိနားလည်ထားကြသည်။

ထို့ကြောင့် လူတို့သည် အချစ်ကို တရှိက်မက်မက် ခံစားကြသည်။ ရှာဖွေထွေးဖက်ကြသည်။ အချစ်သည် မရှိမဖြစ်ပစ္စည်း ဖြစ်သဖြင့် ပညာရှိများက . . .

*"အချစ်မရှိသော ဘဝသည် ခြောက်သွေ့သည်"*

ဟု ဆိုခဲ့ကြခြင်း ဖြစ်ဟန်တူ၏။

ယင်းသို့ပင် အချစ်သည် လူသားတို့အတွက်၊ လူတိုင်း၏ဘဝများအတွက် "အရေးပါ အရာရောက်ဆုံး" ဟု ခံယူကြခြင်းဖြစ်၏။ ဤအချက်သည် အမှားဟု မဆိုသာ။

အဘယ့်ကြောင့်ဆိုသော် "အချစ်"သည် အရေးပါ အရာရောက်သလို၊ ဖန်တီးနိုင်စွမ်းသော တန်ခိုးရှင်လည်း ဖြစ်နေသောကြောင့်တည်း။

❧ ♥ ❧

ရန်အောင် စာစုပေ

အချို့သော ပညာရှိများက . . .

*"အချစ်ဟူသည် တန်ခိုးရှင်ဖြစ်၏"*

ဟု ဆိုမိန့်၏။

ဤဆိုမိန့်ချက်သည် အမှားဟု မဆိုသာ။ အမှန်တရားဘက်သို့ ရှေးရှုနေသည်ဟု ဆိုရမည်။

သက်သေပြချက်ပေါင်း များစွာရှိ၏။

လောကတွင် "ယဉ်ကျေးခြင်းနှင့် ရိုင်းပျခြင်း" ဟူ၍ရှိ၏။ သို့သော် ထိုယဉ်ကျေးခြင်းနှင့် ရိုင်းပျခြင်းသည် "နဂိုမူလဘူတဖြစ်တည်ခြင်း" ဟု ဆိုရမည်ဖြစ်သော်လည်း၊ အကြောင်းတစ်ခုကြောင့် ယဉ်ကျေးရာမှ ရိုင်းပျတတ်သလို၊ ရိုင်းပျရာမှ ယဉ်ကျေးခဲ့သည်လည်း ရှိ၏။

ထိုပြောင်းလွဲဖြစ်တည်မှုသဘော အနှစ်ချုပ်ကို ကြည့်လျှင် အချစ်နှင့် ပတ်သက်ဆက်နွယ်သည့်သဘောများ ပါနေသည်ဟု ဆိုရမည်။ "အချစ်ဖန်တီးခြင်းနှင့် ဖြစ်တည်ခြင်းသဘာဝ" ဟု ဆိုလျှင်လည်း မမှားချေ။

သို့နှယ်ပင် ချစ်ခြင်းသဘောကိုဆန်းစစ်လျှင် မေတ္တာနှင့်ယှဉ်သော ချစ်ခြင်းသည် ပို၍ နူးညံ့သိမ်မွေ့သည်ဟု ဆိုရချိမ့်မည်။

ရန်အောင် စာပေ

မြန်မာသမိုင်းမှ "သော်ကစန္ဒီ" ပုံဝတ္ထုကို ပြန်ကြည့်လျှင် ထူးခြားသော ချစ်ခြင်းတရားများကို တွေ့ရမည်ဖြစ်၏။

၊ ဆင်ထိန်းနှင့် သော်ကစန္ဒီတို့၏ ရည်ငံချစ်ခင်မှုကို ကြည့်လျှင် ချစ်ခြင်းတွင် အဆင့်အလွှာ ပိုင်းခြားမှု မရှိကြောင်းကို တွေ့ရ၏။

သော်ကစန္ဒီ၏သား "မောင်တီ"ကို ကျားဆွဲအံ့မူးမူး အချိန်တွင် "ဝံလို ဖိုမ" မှ သုတ်ချီ ကျွေးမွေးခြင်းသည် တိရစ္ဆာန်တို့တွင်ပင် ချစ်ခြင်းခိုသီနေကြောင်း သက်သေဖြစ်၏။

ထို့အတူ သထုံဘုရင် "သဒ္ဒရာဇာ" ၏ သမီးတော်နှင့် "မောင်တီ" ၏ နိုးစပ်ချစ်ခင်မှုမှာ အချစ်၏ ယဉ်ကျေးပျော့ရွှင်မှု သရုပ်ကို ဖော်ညွှန်းသလို၊ "မောင်တီ" သေဆုံး၍ ဝံလိုဖိုမ မီးပုံတွင်း အော်မြည်ခုန်ဆင်းခြင်း အဖြစ်သည် "ချစ်ခြင်း၏ နက်ရှိုင်းသော သရုပ်များ" ဟု ပြောလျှင် မှားမည်မဟုတ်။

သို့သော် အဘယ့်ကြောင့် အချို့သည် . . .

"*ဘဝအတွက် အချစ်သည် အရေးပါသောအရာ မဟုတ်*"

ဟု ဆိုခဲ့သနည်း။

❦ ♥ ❦

ရန်အောင် စာပေ

စင်စစ်မူ အချစ်သည် အနက်ရှိုင်းဆုံး ဖြစ်သလို၊ ပြောင်းလွဲခြင်းအကြောင်းတရားနှင့် မရှိမဖြစ် လိုအပ်မှုဖြစ်သည် ဟု ဆိုရမည်။ သို့သော် တစ်ခုရှိသည်က "အချစ်သည် ထာဝရ တည်ငြိမ်ခိုင်ခံ့သော ကျောက်စိုင်ကျောက်ခဲနှင့် တူသည်။ ပြောင်းလွဲခြင်း မရှိ" ဟူ၍မူ ပြော၍ရမည်မဟုတ်ချေ။

"အချစ်" ဟူသည်မှာ ဖြူစင်သန့်ရှင်းသည့် ရေ သီတာနှင့် တူသည်ဟုပြောလျှင်က ပို၍မှန်သည်။ အဘယ့် ကြောင့်ဆိုသော် "အချစ်" သည် နဂိုမူလက ဖြူစင်သော်လည်း၊ တစ်စုံတစ်ခုကြောင့် ပြောင်းလွဲမှုကို ဖြစ်စေသောကြောင့် ဖြစ်၏။

"အချစ်" သည် တစ်စုံတစ်ရာကြောင့် ယဉ်ကျေး နိုင်၏။

"အချစ်" သည် တစ်စုံတစ်ရာကြောင့် ရိုင်းပျနိုင် သည်။

ယင်းသမို့လည်း အချို့က အချစ်ကို "တန်ခိုးရှင်" ဟူ၍လည်းကောင်း၊ "ဖန်တီးရှင်" ဟူ၍လည်းကောင်း ဖွင့်ဆို ကြသည်။ ဤသို့ဖွင့်ဆိုခဲ့သည်မှာလည်း အကြောင်းမဲ့ မဟုတ် ချေ။

"အချစ်" သည် ရိုင်းပျသူကို ယဉ်ကျေးနိုင်သလို၊

ယဉ်ကျေးသူကိုလည်း ရိုင်းပျစေရန် ဖန်တီးစွမ်းဆောင်နိုင်သောကြောင့် ဖြစ်သည်။ ဤကဲ့သို့ပင် အချစ်ကြောင့် အေးချမ်းမှုကို ရရှိနိုင်သလို၊ ပူလောင်မှုကိုလည်း ရရှိနိုင်သောကြောင့်တည်း။

ဤအချက်များကို ကြည့်လျှင် "အချစ်" ဟူသည် ပေါင်းစပ်ထိတွေ့မှုနှင့်အတူ ပြောင်းလဲ ဖြစ်တည်မှုပေါင်းများစွာ ရှိနိုင်ခဲ့သည်ဟု ဆိုရချိမ့်မည်။

ထို့ကြောင့် အချစ်ကို ထိတွေ့ခံစားသည့်နေရာတွင် သိမ်မွေ့နူးညံ့ရန် အထူးလိုအပ်သည်ဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် "ချစ်ခြင်း" ဟူသည် အနုပညာဆန်ပြီး၊ သိမ်မွေ့နူးညံ့သောကြောင့် ဖြစ်သတည်း။

(၂)

## 'အချစ်နှင့် ပေါင်းစပ်မှု ကိန်းဂဏန်းများ'

လူတော်တော်များများသည် အချစ်နှင့်ပတ်သက်၍ ပေါ့ရပေါ့တွေး၊ ပေါ့ပေါ့ပြောကြသည်ကို တွေ့ရသည်။ "အချစ်" ဟု ပြောကြသော်လည်း "အချစ်" ၏ နက်ရှိုင်းမှုကိုမူ မသိကြ။

အချစ်၏ ကျယ်ပြန့်သည့် သဘောသဘာဝကို နားမလည်ကြကြောင်း တွေ့ရသည်။ "အချစ်" ဟူသည်မှာ သာမန်ကြည့်လျှင် စကားနှစ်လုံး၏ ပေါင်းစပ်မှုဟု ဆိုရမည် ဖြစ်သော်လည်း အသေအချာ စဉ်းစားသုံးသပ်ကြည့်လျှင် စကားလုံး နည်းပါးသလောက် အဓိပ္ပါယ် ကျယ်ဝန်းလှသည်

ဟု ဆိုရချိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် "အချစ်" သည် ထီးထီး မဟုတ်။ နားလည်ခံစားမှုအလိုက် အခေါ်အဝေါ် အပြောင်း အလွဲများ ရှိသည်။ အချို့က "အချစ်" ဟု နားလည်သုံးစွဲကြ သလို၊ အချို့က "ချစ်ခြင်း" ဟု နားလည်သုံးစွဲကြသည်။

အချို့ကမူ "အချစ်" ကို နက်ရှိုင်းစွာ တွေးတောစဉ်း စားပြီး၊ အချစ်နှင့် ချစ်ခြင်းကို ပေါင်းစပ်ကာ "ချစ်ခြင်းမေတ္တာ" ဟု သုံးစွဲခေါ်ဝေါ်ကြသည်။

မည်သို့ဆိုစေ "အချစ်" သည်လည်းကောင်း၊ "ချစ်ခြင်း" သည်လည်းကောင်း၊ "ချစ်ခြင်းမေတ္တာ" သည် လည်းကောင်း အသီးသီး တန်ခိုးစွမ်းအားများ ရှိကြသလို၊ နက်ရှိုင်းမှုများ၊ လျှို့ဝှက်မှုများ ရှိသည်ကို တွေ့ရ၏။

အဘယ့်ကြောင့်ဆိုသော် "ချစ်ခြင်း" သည် လည်း ကောင်း၊ "အချစ်" သည် လည်းကောင်း၊ "ချစ်ခြင်းမေတ္တာ" သည် လည်းကောင်း ပေါင်းစပ်မှုသဘောတရားများအရ၊ အသီးသီး ပြောင်းလွဲဖြစ်တည်မှုသဘောများ ရှိနေသောကြောင့် ဖြစ်သတည်း။

မှန်ပေသည်။

အကယ်စင်စစ် "အချစ်" သည် မူလဘူတဖြစ်စဉ်

အရ သန့်စင်ဖြူစင်သည်ကတော့ အမှန်ပင်။

သို့သော် ထိုအချစ်သည် ပေါင်းစပ်ခြင်းသဘောအရ ဖြစ်တည်မှု ကွဲလွဲချက်များ ရှိခဲ့သည်မှာ ဓမ္မတာပင်။ ပေါင်းစပ်ခြင်းသဘောအရ အချစ်၏ ကိန်းဂဏန်း ကွာဟမှုများ ရှိနိုင်သလို၊ ခံစားမှုခြင်းလည်း တူညီမှု မရှိသည်ကို တွေ့ရ၏။

ဘာမျှ သွေးသားမတော်စပ်သည့် ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးတို့ ပေါင်းစပ်ခြင်းမှ ဖြစ်တည်ခဲ့သည့် ချစ်ခြင်းသည် ဆန္ဒများ ပါနေသောကြောင့် ပူလောင်သည့်သဘော သက်ဝင်သည်။

ထိုကမှ "အချစ်" ဖြစ်တည်ခဲ့သည်။

သို့သော် သွေးသားမတော်စပ်သည့် လိင်တူသူနှစ်ဦး၏ ပေါင်းစပ်ဖြစ်တည်မှုကိုမူ အချို့က "အချစ်" ဟု ခေါ်ကြသော်လည်း၊ အမှန်တော့မူ "အချစ်" မည်သည်ဟု မဆိုနိုင်။ "ချစ်ခြင်း" ဟုသာ ဆိုနိုင်၏။

သို့နှယ်ပင် "ချစ်ခြင်းမေတ္တာ" ဟု ဆိုလျှင်မူ အထက်ဖော်ပြပါ ပေါင်းစည်းမှုများနှင့် မတူညီနိုင်တော့။ အဘယ့်ကြောင့်ဆိုသော် "ချစ်ခြင်းမေတ္တာ" သည် သွေးသား မတော်စပ်သူများကြားတွင် မည်သို့မျှ ဖြစ်တည်လာနိုင်စရာ အကြောင်းမရှိသောကြောင့်တည်း။

ရန်အောင် စာပေ

"ချစ်ခြင်းမေတ္တာ" ဟူသည် ညီရင်းအစ်ကို၊ မောင်ရင်းနှမ၊ မိဘနှင့် သားသမီးကြားမှ ကြီးမားခိုင်ခံ့စွာ ပေါ်ပေါက်ခဲ့သော "အချစ်ဖြစ်စဉ်" တစ်ခု ဖြစ်ခဲ့သောကြောင့်တည်း။

လူ အတော်များများသည် အချစ်အကြောင်းကို စိကာပတ်ကုံး ပြောပြနေကြသော်လည်း၊ သေချာပိုင်ပိုင် သိသူက နည်းလှ၏။ ဘူးလုံးနားမထွေး ဖြစ်နေသူက များလှ၏။

သို့တစေ "အချစ်" ကို သေချာစွာ စူးစမ်းလေ့လာကြည့်လျှင် "အချစ်" ကို ပိုင်းခြားဝေဖန်သုံးသပ်ကြသည့် ကိန်းဂဏန်းများ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

*"အချစ်"*

*"ချစ်ခြင်း"*

*"ချစ်ခြင်းမေတ္တာ"* . . .

စသည်ဖြင့် အခေါ်အဝေါ် အသုံးအစွဲများ ကွဲပြားခြားနားစွာ ရှိခဲ့သလို၊ ကိန်းဂဏန်း ခွဲခြားမှုများ ရှိခဲ့သည်ကိုလည်း

တွေ့ရ၏။

ထိုကိန်းဂဏန်းများက အခြားမဟုတ်။

*"၅၂၈ ဒသုံ့ ချစ်မေတ္တာ" နှင့် "၇၅၀၀ အချစ်ကိန်းဂဏန်း"*

များဖြစ်သည်။

ယင်းကိန်းဂဏန်းနှစ်ခုသည် ပမာဏခြင်း တူညီမှုမရှိသလို၊ ခံစားမှု ဖြစ်တည်ခြင်း သဘာဝလည်း တူမည်မဟုတ်။ နက်နဲလျှို့ဝှက်ချက်များကလည်း တူညီမှုမရှိသည်မှာ အမှန်ပင်။ ။

❦ ♥ ❦

**'၅၂၈ ဒသုံ့ ချစ်ခြင်းမေတ္တာ'**

ထိုကိန်းဂဏန်းနှင့် ဖြစ်တည်ခဲ့သော ချစ်ခြင်းမေတ္တာကို ပညာရှိများက . . .

*"ခမ်းဂေဟကြည်နူး အေးမြကြည်လင်သည့် ချစ်ခြင်းမေတ္တာ"*

ရန်အောင် စာပေ

ဟု ဖွင့်ဆိုကြသည်။

"၅၂၈ သွယ် ချစ်ခြင်းမေတ္တာ" သည် တစ်မိသားနှင့် တစ်မိသား မတူညီသော မိသားစုများကြားတွင် ဖြစ်တည် တတ်သည့် သဘောလည်း မရှိချေ။ ထိုမေတ္တာမျိုးက တစ် မိသားစုတွင်း၊ တစ်မိသားစုဝမ်းမှ အတူဆင်းသူများကြားမှ ပေါ်ပေါက်တတ်၏။

ယင်းသမို့ "၅၂၈သွယ်မေတ္တာ" ကို "မိဘနှင့် သား သမီး၊ ညီကိုမောင်နှမတို့ကြားမှ ဖြစ်တည်သောမေတ္တာ" ဟု ဆိုကြ၏။ ထိုမေတ္တာ၏ ထူးခြားမှုက "ဆန္ဒရမ္မက် ကင်းခြင်း" ဖြစ်၏။ အနစ်နာခံမှု၊ စွန့်လွှတ်မှုနှင့် ပေါင်းစည်းသော မေတ္တာ ဖြစ်သည်။ ။

**'၁၅၀၀ အချစ်'**

"လိင်မတူသူနှစ်ဦး၊ ယောကျ်ား၊ မိန်းမတို့ကြားမှ ပေါ်ပေါက်ဖြစ်ထွန်းခဲ့သည့် အချစ်အမှတ်အသားတစ်ခု" ဖြစ် သည်။ အလိုဆန္ဒ၊ တပ်မက်မှုများ ထုံမွှန်းနေသည်။

ချစ်ကြသည့်အခါ တုန်နေအောင်ချစ်၍၊ မုန်းကြ

သည့်အခါ သွင်သွင်မုန်းတီးတတ်သည်။ ပူလောင်သည်။ ရမ္မက်နှင့် စခဲ့သဖြင့် တည်ငြိမ်အေးချမ်းမှု မရှိ။ ပူလောင်သည်။

ထိုအချစ်မျိုးက လိုလားမှုဆန္ဒများ ရှိနေကြသဖြင့် "အရာရာ အကန့်အသတ်နှင့် ဖြစ်တည်သော အချစ်မျိုး" ဟု ဆိုရမည်။ ။

(၃)

## 'အချစ်၏ သဘောသဘာဝများ'

လူအတော်များများက အချစ်၏သဘောသဘာဝ သည် လွန်စွာဆန်းပြားလှသည်ဟု ဆိုသည်။ အထူးသဖြင့် ၁၅၀၀မေတ္တာချစ်၏ သဘောသဘာဝသည် ပို၍ဆန်းပြားလှ သည်ဟု ဆိုရချိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် အချစ်ကြောင့် ထူးခြားဆန်း ကြယ်သည့် ခွန်အားများ၊ ဆန်းကြယ်ထူးခြားသည့် အစွမ်း သတ္တိများကို ဖော်ဆောင်တတ်ကြသောကြောင့် ဖြစ်၏။

အချစ်နှင့် ပိုင်ဆိုင်မှုကို ရယူသည်။

ရန်အောင် စာပေ

အချစ်ကြောင့် စွန့်လွှတ်မှုကို ပြုလုပ်သည်။

လူအများသည် အချစ်နှင့် ပတ်သက်၍ သတ္တိထူးကို မွေးမြူကြသည်။ ပိုင်ဆိုင်ကြသည်။

သို့ကြောင့်လား မသိ။ ပညာရှိများက . . .

*"အချစ်တွင် မျက်စေ့မရှိ"*

ဟု ဆိုမိန့်ကြသည်။ ကြီးမားသောချစ်စိတ် ပူးကပ်တိုးဝင်လာလျှင် ဘာကိုမျှ မမြင်ကြ၊ မသိကြ၊ မကြားကြတော့။

*"အချစ်သာ ပဓာန"*

ဟု ဆိုကြသည်။

*အချစ်တွင် ဆင်းရဲချမ်းသာမရှိ။*

*အချစ်တွင် အပျို၊ အအိုမရှိ။*

*အချစ်သည်သာ အလှတရား . . . ။*

ဟု ဆိုကြသည်လည်း ရှိ၏။

တစ်ခါက အင်္ဂလန်နိုင်ငံတွင် အချစ်နှင့် ပတ်သက်၍ ထူးခြားသော ဖြစ်စဉ်တစ်ခု ဖြစ်ခဲ့သည်။ ထိုအဖြစ်သည် ကမ္ဘာကြီး တုန်ဟည်းသွားသော အချစ်လည်း ဖြစ်၏။

ရန်အောင် စာပေ

ထိုအဖြစ်ကား အချစ်ကြောင့် အရာရာ စွန့်လွှတ်လိုက်သည့် အဖြစ်လည်းဖြစ်၏။

အချစ်နှင့် ပတ်သက်၍ အက်ဒဝပ်၏ဖွင့်ဆိုချက်က ရှင်းလင်းလှသည်ဟု ဆိုရမည်။

သူ့ဖွင့်ဆိုချက်က ဤသို့ဖြစ်၏။

*"ကျွန်ုပ်၏အပါးတွင် ကျွန်ုပ်ချစ်သော မိန်းမတစ်ဦး၏ ကူညီပံ့ပိုးမှု မပါဘဲ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရခြင်း ဟူသည် ကြီးလေးသည့် တာဝန်နှင့် ဝတ္တရားများအား ဆောင်ရွက်နိုင်လိမ့်မည်ဟု မယုံကြည်ပါ"*

အက်ဒဝပ်ဘုရင်က သူ၏ရင်ထဲမှ ဆန္ဒသဘောထားများကို ရှင်းလင်းပြတ်သားစွာ ဖေါ်ထုတ်လိုက်ပြီးနောက်၊ အဌမမြောက် အက်ဒဝပ်ဘုရင်သည် အင်္ဂလန်ထီးနန်းကို အပြီးအပိုင် စွန့်လွှတ်လိုက်သည်။

အမေရိကန်နိုင်ငံသူ တစ်ခုလပ် မစ္စက်ဆင်မဆင်ကို တရားဝင် လက်ထပ်ယူလိုက်သည်။ မင်းကေရာဇ်ဘဝမှ သာမန်မြို့စားဘဝကို ခံယူလိုက်သည်။

အက်ဒဝပ်၏ ကြေငြာချက်သည် အံ့ညြခမန်းဖြစ်ရပ်

ဖြစ်သကဲ့သို့၊ ကမ္ဘာကြီးတွင် "ပြောမဆုံးပေါင် တောသုံးတောင်" ဖြစ်ခဲ့သည်။

စင်စစ်မူ အက်ဒဝပ်၏လုပ်ရပ်ကား "အချစ်သည်သာ ထာဝရ" ဆိုသည့်သူတို့အတွက် အားဆေးတစ်ခုဟု ဆိုနိုင်သည်။ သူ့အဖြစ်က အချစ်ရာဇဝင်တွင် စံတင်နိုင်သလို၊ အချစ်အဓိကသမားတို့အတွက် "စံတင်လောက်သည့် စံပြဖြစ်ရပ်" ဟု ဆိုလျှင်လည်း မမှားချေ။

သို့သော် အသေအချာ စဉ်းစားကြည့်လျှင် အချစ်ရာဇဝင်တွင်မူ ဆန်းကြယ်သည့်အဖြစ်ဟု မဆိုသာ။ ထိုအဖြစ်သည် နှစ်ဆယ်ရာစုအတွက် အကျော်ကြားဆုံးအဖြစ်ဟု ဆိုရမည် ဖြစ်သော်လည်း လွန်ခဲ့သော ရာစုနှစ်များကလည်း ထိုအဖြစ်မျိုးသည် ရှိခဲ့ဖူးသည်ပင်။

ဆိုရလျှင် "လောကဥ္စ စည်းစိမ်ဂုဏ်သိမ်တို့ထက် အချစ်သည် အရေးပါသည်" ဟု လည်းကောင်း၊ "အချစ်အတွက်နှင့် ပတ်သက်လျှင် အသက်ကိုပင်စွန့်ဖို့ ဝန်မလေး" ဟု ဆိုရမည်။

လူအတော်များများသည် . . .

*"အချစ်ဆိုသည်မှာ အဘယ်နည်း"*

ဟု မကြာခဏ မေးကြသည်။ ထို့အတူ အချို့ကလည်း . . .

*"အချစ်ဆိုသည်မှာ စိတ်လှုပ်ရှားမှု တစ်မျိုး"*

ဟု ဆိုကြသည်။ "အီမိုးရှင်း" (Emotion) ဟု ဆိုသည်။

သို့သော် ထိုစကားသည် ယနေ့ ချစ်တတ်ကြသည်ဟု ဆိုသည့် လူငယ်လူရွယ် အသိုင်းအဝိုင်းကြားတွင် သုံးစွဲနေကြသည့် "ဖီလင်" (Feeling) ဟူသော စကားနှင့်မူ အတူတူဟု ပြော၍မရချေ။

အဘယ့်ကြောင့်ဆိုသော် အချစ်နှင့်ပတ်သက်၍ သုံးစွဲနေကြသည့် "ဖီလင်" ဆိုသော စကားသည် "ဝေဒနာပါသော ခံစားချက်" ဖြစ်၍၊ "အီမိုးရှင်း" မှာ "စေ့ဆော်မှုပါသည့် စိတ်လှုပ်ရှားမှု" ဖြစ်နေသောကြောင့်တည်း။

သို့စဉ်လျက် ကျွန်တော်တို့ စဉ်းစားရမည့် အချက်တစ်ခုမူ ရှိ၏။ ထိုအချက်သည် အခြားမဟုတ်။ အချစ်တွင် "ကြီးမားသော စွမ်းအားတစ်ခု" ရှိနေသည်ဆိုသောအချက်ပင်။

အချစ်တွင် ပြင်းပြသော စိတ်လှုပ်ရှားမှုတစ်ခု ရှိနေသည်ဆိုသော အချက်ကိုလည်း ကျွန်တော်တို့ မေ့လျော့ချန်လှပ်ထားလို့ မရ။

ပြင်းပြသောစိတ် ရှိလာပြီဆိုလျှင် တောင်ကို ကျော်လွှားနိုင်သလို၊ သမုဒ္ဒရာကိုလည်း ကျော်ဖြတ်နိုင်သောကြောင့်တည်း။

စင်စစ်မူ "ပြင်းပြသော စိတ်လှုပ်ရှားမှု" (Strong Emotion) သည် အချစ်စိတ်နှင့် ပေါင်းစည်းမိလျှင် အင်အားကြီးမားသည်မှာ ဓမ္မတာပင်။

ထို့ကြောင့်လည်း လူတို့သည် အချစ်နှင့်ပတ်သက်လာလျှင် တောင်ကို ကျော်ရ ကျော်ရ၊ ပင်လယ်ကို ဖြတ်ရ ဖြတ်ရ၊ သေခြင်းတရားနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ၊ အချစ်အတွက်နှင့် အသက်ပင် သေသေ ဆိုသော စိတ်ထားမျိုး ပေါ်ပေါက်ခဲ့ခြင်းဟု ဆိုရမည်ပင်။

အထူးသဖြင့် အချစ်၏ သဘာဝအရ အချစ်တွင် တပ်မက်စိတ်၊ စွဲလန်းစိတ် (Devotion Passion) များလည်း ပါဝင်နေခဲ့သဖြင့် လူတို့သည် ချစ်လာမိပြီဆိုလျှင် ဘာကိုမျှ မမြင်တော့။

အလိုလို မျက်ကန်းဖြစ်သွားကြတော့သည်။

ယင်းသမို့လည်း ပညာရှိများက . . .

"*အချစ်တွင် မျက်စေ့မရှိ*"

ဟု ဆိုခဲ့ဟန် တူ၏။ ။

(၄)

## 'အချစ်နှင့် ခံစားမှု' (၁)

တစ်ခါက အနောက်တိုင်း မဂ္ဂဇင်းတစ်ခုတွင် အချစ်သည် "ထူးခြားသော ခံစားမှု" ဟု ဖေါ်ညွှန်းခဲ့သည်ကို ဖတ်ခဲ့ရဖူးသည်။ အချစ်သည် "ထူးခြားသည့် အာရုံနှင့်ခံစားမှုကို ပေးနိုင်စွမ်းသည်" ဟု ဖွင့်ဆိုသည်ကိုလည်း တွေ့ခဲ့ဖူး၏။

သို့သော် ကျွန်တော်တို့သည် ယခုတိုင် ခံစားမှုကြောင့် အချစ်ဖြစ်တည်ခဲ့သည်လား။ အချစ်ကြောင့် ခံစားမှုဖြစ်တည်ခဲ့သည်လား ဟူသည်ကို ပိုင်ပိုင်မပြောနိုင်သေး။

တစ်ခုရှိသည်က . . .

ရန်ဓအောင် စာပေ

တစ်ခါတစ်ရံတွင် အချစ်ကြောင့် ခံစားမှု ဖြစ်တည်ခဲ့သလို၊ တစ်ခါတစ်ရံတွင် ခံစားမှုကြောင့် အချစ်ဖြစ်တည်ခဲ့သည်လည်း ရှိခဲ့၏။

မည်သို့ဆိုစေ ဤမည်သည့် "အချစ်နှင့်ခံစားမှု" (စူးရှပြင်းထန်သော ခံစားမှု) သည် လိင်တူချင်း ဖြစ်ခဲ့သည်မရှိ။ လိင်မတူသူ လူသားနှစ်ဦး၏အကြားတွင် ဖြစ်တည်ခဲ့သည့် ခံစားမှုဟု ဆိုရမည်။

ဥပမာဆိုရလျှင် . . .

"ယောကျ်ားတစ်ဦးသည် မိန်းကလေးတစ်ဦးအားချစ်ခဲ့၏။ အချစ်သည် ထိုမိန်းကလေး၏ အလှအပ၊ ကိုယ်ကာယကို တပ်မက်စွဲလန်း ခံစားရာမှ ချစ်ခဲ့သည်" ဟု ဆိုရမည်။

ထိုသို့ ချစ်ခဲ့ခြင်း၏နောက်မှ ပျော်ရွှင်ခြင်း၊ သာယာခြင်း၊ ဝမ်းနည်းပူဆွေးခြင်းဟူသော ခံစားမှုများကို ခံစားရစမြဲဖြစ်၏။ ထိုခံစားမှုကို အနုပညာရှင်များက အနုပညာဖြင့် ဖော်ညွှန်း၏။

သို့ဖြင့် ထိုခံစားမှုသည် ရသဖြစ်ခဲ့သည်လည်း ရှိ၏။

❦ ♥ ❦

ရန်အောင် စာပေ

*"အချစ်မရှိလျှင် ခံစားမှု မရှိ"*

ဟု ဆိုစကား ရှိ၏။ "ဘာခံစားချက်မှ မရှိ" ဟု
ဆိုသူတွင် မည်သည့်အချစ်မျှလည်း ရှိမည်မဟုတ်ချေ။

ခံစားမှု မရှိသူ၊ အချစ်မရှိသူ၏ ဘဝသည်လည်း
ဘယ်လိုမှ လှုပ်ရှားမှု ရှိမည်မဟုတ်။ ထိုသူဘဝသည် သေ
သူနှင့် မခြား ရှိချိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် အချစ်သည် ဘဝကို စိုပြေ
လှုပ်ရှားစေသလို၊ တိုးတက်ဖွံ့ဖြိုးမှုကိုလည်း ပေးစွမ်းသော
ကြောင့် ဖြစ်သတည်း။

စင်စစ်မူ အချစ်ဟူသည် "ဘဝ၏ စေ့ထားသည့်
တံခါးတစ်ချပ်" ဆိုလည်း မမှားချေ။ အချစ်မရှိလျှင် ဘဝတံခါး
သည် ပွင့်လာမည် မဟုတ်သကဲ့သို့၊ သာယာချမ်းမြေ့မှုလည်း
ရှိမည်မဟုတ်။

အချစ်ကြောင့် ဘဝတံခါးသည် ဟင်းလင်းပွင့်သွား
နိုင်သကဲ့သို့၊ ထူးခြားသည့် ခံစားမှုများကိုလည်း ဖြစ်တည်မည်
မှာ မုချပင်။

ရန်အောင် စာပေ

ကျွန်တော်သည် ဘဝသေ ရေစီးကြောင်းထဲတွင် နစ်ပေါင်းများစွာ နစ်မျောခဲ့၏။ အစဉ်အလာ ဓမ္မတာနဲ့ထဲတွင် နစ်နေခဲ့သည် ဆိုလျှင်လည်း မမှားခဲ့။

သို့သော် ကျွန်တော်သည် မိမိဘဝကို ဘဝသေ ကန္တာရမှန်း မသိခဲ့။

သို့စဉ်လျက် တတိယအရွယ်သို့အရောက်တွင် အိပ်မက်မှ လန့်နိုးသူနှယ် ကျွန်တော် ခံစားခဲ့ရ၏။ ဤကား အချစ်ကို အသစ်တဖန် ခံစားမိသောကြောင့် ဖြစ်သတည်း။

သူ့ကြောင့် ကျွန်တော့်ဘဝ နုသစ်ခံစားခဲ့ရသည် ဆိုလျှင်လည်း မမှား။ သူ့ကြောင့် ကျွန်တော့်ဘဝ အသစ်တဖန် နိုးကြားခဲ့သလို၊ အချစ်ကို ဆန်းစစ်ကြည့်ဖြစ်ခဲ့၏။

သည်အခါ ထူးခြားသော ခံစားမှုဖြစ်စဉ်များကို ခံစား နားလည်ခဲ့ရ၏။ ပို၍ထူးခြားသည်က အချစ်၏ အတိမ်အနက်ကို ဆန်းစစ်ဝေဖန်ကြည့်မိခဲ့သလို၊ နားလည်ခဲ့မိခဲ့သည်။

ပို၍ အံ့ဩစရာကောင်းသည်က "အချစ်၏ ထူးခြားဖြစ်စဉ်များ" ဖြစ်သည်။ ဘဝ၏ အနအရင့်အလိုက် အချစ်အပေါ် ထိတွေ့ခံစားမှုသဘောကို သိရှိလာသည်။ အချစ်၏ သဘောသဘာဝ အစစ်အမှန်ကို နားလည်သိရှိလာသည်။

တစ်ချိန်က အချစ်ဟု အထင်ရှိခဲ့သည့် အရာသည်

အချစ်စစ်မဟုတ်မှန်း သိလာသည်။ အဘယ့်ကြောင့်ဆိုသော် "အချစ်စစ်" ဟူသည် "ယိမ်းယိုင်ပြောင်းလွဲခြင်း မရှိ" သော ကြောင့်ပင်။

ယိမ်းယိုင်ပြောင်းလွဲနေသမျှ ကာလပတ်လုံး အချ မဟုတ်။ "ရိုးမြေကျ" ဟူသော စကားသည် အချစ်စစ်၏ နက်ရှိုင်းခြင်း သဘာဝပင်။

တစ်စုံတစ်ယောက်သည် တစ်စုံတစ်ဦးအား ချစ်ခဲ့ သည် ဆိုပါစို့။ ထိုတစ်စုံတစ်ယောက်သည် မည်သည့်အခက် အခဲ၊ အနှောက်အယှက်၊ အန္တရာယ်၊ မြူဆွယ်မှုနှင့် ကြုံ စိုးစဥ်းမျှ ယိမ်းယိုင်ပြောင်းလွဲခြင်း မရှိခဲ့။

တစ်စုံတစ်ဦးကိုသာ စူးစူးနစ်နစ် စွဲလန်းချစ်ခင်နေ သည် ဆိုပါစို့ . . . ။

ထိုအချစ်သည် အချစ်စစ်မည်၏။

အချစ်စစ်သည် ကျောက်စာတိုင်လို ခိုင်မာ၏။ ယိမ် ယိုင်မှု မရှိ။

ဤကဲ့သို့ပင် တစ်စုံတစ်ယောက်သည် တစ်စုံတစ်ဦ အား ချစ်ခဲ့သည် ဆိုပါစို့ . . . ။

*အခက်အခဲနှင့် ကြုံကြ တန်လျှပ်မည်။*

*အနှောက်အယှက်ကြုံကြ မှိုးလွှဲမည်။*

ရန်အောင် စာပေ

*မှုခြယ်ကြ် တိမ်းပါးသည်။*

ထိုတစ်စုံတစ်ယောက်သည် အခြားသော တစ်စုံတစ်ဦးကို မြင်လျှင် တိမ်းမူးမည်၊ သာယာမည်ဆိုလျှင် ထိုအချစ်သည် ခိုင်မာသောအချစ် မဖြစ်နိုင်။

ယိမ်းယိုင်သောအချစ် မည်သကဲ့သို့၊ ထိုအချစ်သည် အချစ်စစ်ဟု မခေါ်နိုင်ပေ။

စာရေးသူ မှတ်မိသေးသည်။

မကြာမီက စာရေးသူထံသို့ မိတ်ဆွေတစ်ဦး ရောက်လာသည်။ သူ့အမည်က "ကိုမြင့်ဝေ" ပင်။

သူက "မစန်းစန်းတင်" မည်သော မိန်းကလေး တစ်ဦးအား အသည်းနှင့်အောင် ချစ်သည်ဟု ဆိုခဲ့ဖူးသည်။ "မစန်းစန်းတင်" နှင့် ဘဝတစ်ခု တည်ဆောက်ခဲ့သည်။ သို့သော် မကြာခင် "ကိုမြင့်ဝေ" "မသဲနု" မည်သည့် မိန်းကလေးတစ်ဦးနှင့် ငြိစွန်းခဲ့သည်။

သည်အကြောင်းကို ကျွန်တော်သိတော့၊ "ကိုမြင့်ဝေ" နှင့် ဆွေးနွေးရန် စီစဉ်ခဲ့သည်။

ယခု ကျွန်တော်နှင့် ကိုမြင့်ဝေ ဆုံစည်းခဲ့ရသလို၊ ဆွေးနွေးနိုင်ခဲ့ပြီ။

"မင်းနဲ့ ခင်းခင်းတင် အကြောင်းကို ငါသိချင်နေတယ်။ မင်း ပြောနိုင်မလား"
ဟုမေးတော့ သူက ပြုံးသည်။

"ကျွန်တော်လည်း ဒါကို ပြောချင်နေတာပါ"
ဟု ပြောရင်း . . .

"တစ်ချိန်က ကျွန်တော် ခင်းခင်းတင်ကို ချစ်တယ်လို့ ဆိုခဲ့ပြီး၊ အခု ကျွန်တော်က ခင်းခင်းတင်ကို စွန့်ခွာပြီး သဲနုကိုလက်ထပ်မယ်ဆိုတော့ ကျွန်တော့်ကို ခင်ဗျားတို့က သစ္စာမဲ့သူလို့ ထင်နေသလား"
ဟု မေးသည်။

ကျွန်တော် ပြုံးလိုက်သည်။

"သာမန်ဆိုရင်တော့ ထင်စရာပေါ့။ ဒါပေမယ့် ငါကနေနဲ့

ကတော့ သာမန်လူတွေလို မရွေးချင်ဘူး။ မင်းကနေနဲ့ ခန်းခန်းတင်ကို ချစ်ခဲ့တယ်လို့ ဆိုခဲ့ဖူးတယ်။ ဒီလိုဆိုခဲ့တာက ဦးနှောက် အသိကြောင့်လား၊ နှလုံးသား အသိကြောင့်လား ဆိုတာကို သိချင်တယ်"

"ဟုတ်တယ်၊ ဆရာမြတ်မေးမှ ကျွန်တော် သဘောပေါက်လာတယ်။ ဆရာမြတ်မေးတာ မှန်တယ်။ ချစ်ခြင်းကို ဆုံးဖြတ်တဲ့နေရာမှာ ဆုံးဖြတ်ပုံချင်း မတူဘူး။ တစ်ချို့က အသည်းနှလုံးနဲ့ ဆုံးဖြတ်သလို၊ တစ်ချို့က ဦးနှောက်နဲ့ ဆုံးဖြတ်တယ်။ ဒီဆုံးဖြတ်မှုနှစ်ခုမှာ အနှစ်သာရ မတူညီမှုတွေ ရှိတယ်။ အသည်းနှလုံးနဲ့ဆုံးဖြတ်တာက ရိုးသားမှုပါတယ်။ ဦးနှောက်နဲ့ ဆုံးဖြတ်တာကျတော့ မျှော်လင့်ချက်တွေရှိတယ်"

"မင်း ခန်းခန်းတင်ကို ချစ်တယ်လို့ ဆုံးဖြတ်ခဲ့တာက အသည်းနှလုံးနဲ့ ဟုတ်ရဲ့လား"

သူက ပြုံးသည်။

"ဟုတ်တယ် ဆရာ။ တကယ်တော့ ဒီဟာ တကယ်ကို

ခင်းထားရမဲ့ ကိစ္စဖြစ်နေတယ်။ အခုက ကျွန်တော် ခန်းခန်းတင်ကို ချစ်တာ အသည်းနှလုံးနဲ့လို့ ထင်ခဲ့တယ်။ တစ်မိုးအောက် တစ်ယောက်၊ မယောက်မလွဲ ချစ်တယ်လို့ ထင်ခဲ့တယ်။ တကယ်တော့ မဟုတ်ဘူးခလေးရဲ့။ သေသေချာချာ ခင်းထားကြည့်လိုက်တော့ ကျွန်တော် ခန်းခန်းတင်ကို ချစ်ခဲ့တာ အသည်းနှလုံးနဲ့ မဟုတ်ဘူး။ ဦးနှောက်နဲ့ ချစ်ခဲ့တာ။ ဒါကို ကျွန်တော် အခုမှ သိရတာ။ ဘာဖြစ်လို့ သိရသလဲဆိုရင် ကျွန်တော် ခန်းခန်းတင်ကို ချစ်တယ်လို့ ထင်ခဲ့ပေမယ့်၊ သူနဲ့ ပတ်သက်လို့ ထူးမခံစားရဘူး"

"ဒါဆို သူနဲ့ ပတ်သက်လို့ကော"

ကျွန်တော့်အမေးနှင့်အတူ သူ၏ရှက်စနိုးအပြုံးကို မြင်တွေ့ရသည်။ ရှက်ပြုံးလိုလို တွေးထင်ရသည်။

"သူနဲ့ပတ်သက်လို့တော့ ကျွန်တော့်ရင်ထဲမှာ စွဲနှစ်သက်ပြီ။ သူနဲ့ဝေးရမှာ စိုးတယ်။ သူ့ကို စွန့်လွှတ်ရမှာ စိုးတယ်"

"မင်းအတွက်နဲ့ ခန်းခန်းတင် ခံစားရမှာကိုကော မင်း

*မစဉ်းစားမိတော့ဘူးလား"*

သက်ပြင်းရှိုက်သည်။

*"ကျွန်တော့်ရင်ထဲမှာ သူဟာစွဲငြိနေတယ် ဆရာရယ်"*
ဟု ပြောသည်။ ။

(၅)

‘အချစ်နှင့် ခံစားမှု’ (၂)

ပူဆွေးရခြင်း၊
ငိုကြွေးရခြင်း၊
စိတ်ဆင်းရဲရခြင်း၊
ကိုယ်ဆင်းရဲရခြင်း၊
အချို့သည်တို့ ဖြစ်ရသည်ကား
‘အချစ်’ ကြောင့်ပင် ဖြစ်သည်။

(ဗုဒ္ဓ)

ပညာရှိများက . . .

*"အချစ်ဆိုသည်မှာ လိင်မတူသူ လူသားနှစ်ဦး၏ အသည်းနှလုံးချင်း ပေါင်းစပ်ချစ်ခင်ခြင်းမှ ဖြစ်ပေါ်ခဲ့သည့် ခံစားမှု ဖြစ်သည်"*

ဟု ဆိုမိန့်သည်ကို မှတ်သားရသည်။

ဤအချက်ကား အမှားဟု မဆိုသာချေ။

တစ်ဦးကိုတစ်ဦး ချစ်ခဲ့မိသည့်နောက်ပိုင်း လူတိုင်း၏ နှလုံးသားတွင် ခံစားမှုများ ကိုယ်စီရှိကြသည်။ တစ်ဦးကိုတစ်ဦး စွဲစွဲမြဲမြဲ၊ စူးစူးနစ်နစ် ချစ်ခဲ့ခြင်းနှင့်အတူ ခံစားမှုများ အစီအရီ ပေါ်ပေါက်ခဲ့၏။

စာရေးဆရာကြီးတစ်ဦးက ပြောဖူးသည်။

*"အချစ်ဆိုတာ နည်းနည်းချစ်ရင် နည်းနည်းခံစားရသလို၊ များများချစ်ပြီး များများစွဲလန်းရင် များများခံစားရတယ်"*

ဟု ဖြစ်သည်။

မှန်သည်။ ချစ်တတ်သူတိုင်းသည် ချစ်သူကို ချစ်ခဲ့ခြင်းနှင့်အတူ ခံစားရသည်မှာ မွေ့တာဖြစ်၏။ လောကဩ

အချစ်နှင့် ပတ်သက်၍ မခံစားရသူဟူ၍ မရှိ။

ခံစားမှုကို ထုတ်ဖော်ပြတတ်သူနှင့် ခံစားမှုကို ထုတ်ဖော်မပြတတ်သူ ဒါပဲကွာသည်။ ချစ်တတ်သူတိုင်း ခံစားရစမြဲတည်း။

❦ ♥ ❦

*"ကျွန်တော် သူ့ကို သိပ်ချစ်မိသလို၊ သိပ်ကို ခံစားရတယ်ဗျား။ ဒီခံစားမှုတွေကို ကျွန်တော် ဂုဏ်ယူဖွင့်ပြလိုက်ချင်တယ်"*

ဟု မိတ်ဆွေတစ်ဦးက ပြောသည်။ သူ၏ ခံစားမှုများကို စီကာပတ်ကုံး ပြောပြသည်။ တကယ်ကို လွမ်းမောဆွတ်ကျဉ်ဖွယ် ကောင်းလှသည်။

မျှဝေခံစားမိခဲ့သော ကျွန်တော့် ရင်ထဲတွင်မူ မကောင်းလှ။

*"ဪ . . . ခံစားမှုဟူသည် ဆွတ်မောနာကျဉ်ဖွယ် မြစ်ခင်းတစ်ခုပါကလား"*

ဟု နားလည်မိသည်။

သူ့ကိုယ်စား ပြောချင်သည့် စကားများ ရှိလာသည်။
ခံစားမှုဟူသည် ကူးစက်တတ်လေသလား။
ကျွန်တော် ခံစားမိခဲ့သည်။

တိုးတိတ်ညှင်းသာ သည်းသွန်ရွာများ
ဒိုနားသံကြား
အချစ်လားဟေ့ ငင်ခဲ့လေ . . . ။

အချစ် နေကောင်းရဲ့လား
ပင်ပန်းနေသလား နားဦးလေ
အနားမှာ နေပါ
ထွေးသိပ်ကြင်နာထားပါမယ်
မှေးမှိတ်ဒိုနားနေဦးကွယ် . . . ။

အို . . .
အချစ်ပါးက နှုံးသာများ
သူ နိုးသွားသလား
ရမ်းကားတဲ့ လေပြေ
ပန်းသွားသလား မေရယ်

ရန်အောင် စာပေ

မောင် လွမ်းဖျား ဖျားနေပြီ . . . ။

နားချင် နားပါ၊
သွားချင်သွားပါ၊
မျက်နှာညှိုးမှာ
မောင် မလိုလားပါဘူး
မောင့်နှလုံးသားမှာ အချစ်မြား စူးနေပြီ . . . ။

ဒါပေမယ့်
တိုးတိုးကလေး မှာချင်ရဲ့
မှသားနှုတ်ဖျားက
အညာနှလုံးသားနဲ့
အချစ်များကို ညာမယူသွားနဲ့ကွယ် . . . ။

စင်စစ်မှူ "*အချစ်ဆိုတာ ဒါပဲကွယ်*" ဟု ပြောရမလို ဖြစ်၍နေ၏။ အချစ်ဆိုသည်မှာ နည်းနည်းချစ်ရင် နည်းနည်း ခံစားရသလို၊ များများချစ်တော့ များများခံစားရသည်။

သို့သော် လူတိုင်းသည် အချစ်ဟူသည် စူးနစ်သော ခံစားမှုဟု သိကြသော်လည်း၊ သည်ခံစားမှုကို တရိုက်မက်မက်

ခံစားချင်ကြသည်။ အချစ်ကို မှတ်သိပ်ကြသည်။

အချစ်ကို ရှာဖွေကြသည်။

*"အချစ်ဆိုတာ တပ်မက်ခြင်းလန်းဆန်မှု ဖြစ်သလို၊ မှတ်သိပ် ခံစားခြင်းလည်း ဖြစ်တယ်"*

ဟု ဆိုသူကလည်း ဆိုကြသည်။ သို့နှယ်ပင် အချို့က

*"အချစ်ဆိုသည်မှာ ရှာဖွေခံစားခြင်း"*

ဟုလည်း ဆိုကြသည်။

ဤအချက်သည် အမှားဟု မဆိုသာ။ အဘယ့်ကြောင့်ဆိုသော် လူတိုင်းသည် နိစ္စဓူဝ အချစ်ကို ရှာဖွေနေကြသောကြောင့် ဖြစ်သည်။ ။

လူတိုင်းသည် အချစ်ကို လိုလားကြသလို၊ အချစ်နောက်ကို လိုက်ကြသည်။ အချစ်ကို တွေးဖက်ခံစားကြသည်။ အချို့က အချစ်၏ထားရာနေ စေရာသွားဘဝနှင့် နေကြသည်။

သို့ကြောင့်လား မသိ။

ရန်အောင် စာပေ

အချို့က "အချစ်" ကို "တန်ခိုးရှင်" ဟု ဆိုကြသည်၊ အချို့က "အချစ်" ကို "ဖန်ဆင်းရှင်" ဟု ဆိုကြသည်။

ဤအချက်နှင့် ပတ်သက်၍ မှားသည်၊ မှန်သည်ဟု မပြောနိုင်သော်လည်း၊ အချစ်ဟူသည် ခံစားမှုတစ်မျိုးဟု သိကြသည်။ အချစ်ခံစားမှုကို တရိုက်မက်မက် ခံစားကြသည်။

လောကတွင် အချစ်နှင့် ပတ်သက်၍ မခံစားဖူးသူ မရှိခဲ့။

စင်စစ်မူ အချစ်ဟူသည်မှာ စေ့ထားသည့် တံခါးပေါက် တစ်ခု ဆိုလျှင်လည်း မမှားချေ။ ။

အချစ်ကို ခံစားသူတိုင်းက ခံစားမှုကို ဖော်ကျူးသည်မှာ ဓမ္မတာဖြစ်သည်။ အချို့က နှလုံးသားမှ ခံစားရသည့် အချစ်ဝေဒနာကို နှုတ်မှ ဖွင့်ဟလှစ်ကျူးကြသည်။

အချို့က စာ၊ ကဗျာ ဖွဲ့ကြသည်။ ထိုရှခံစားမှုတိုင်းတွင် ဝေဒနာပါစမြဲ။

ရန်အောင် စာဝေ

ကျွန်တော့်ရင်ထဲတွင် နှစ်ရှည်လများ စွဲနေသည့် ကဗျာတိုလေးတစ်ပုဒ် ရှိခဲ့သည်။

အချစ်နှင့် ပတ်သက်သည့် ခံစားမှု ကဗျာကလေး တစ်ပုဒ်ပင်။ ထိုကဗျာကလေးက အခြားမဟုတ်။

**နေ့နေ့ညည**
**သတိရတယ်**
**ခဏခဏ**
**တွေ့ချင်တယ် . . . တဲ့။**

ယင်းကဗျာကလေးက တိုတောင်းသော်လည်း ထိရှ ခံစားမှုသရုပ်ကမူ ပီပြင်သည်ဟု ဆိုရချိမ့်မည်။ ဤကဲ့သို့ပင် အချစ်နှင့် ပတ်သက်သည့် ထိရှခံစားမှု ကဗျာကလေးများ လည်း ရှိခဲ့သည်။

ထိုကဗျာကလေးများက အချစ်နှင့် ပတ်သက်၍ ပီပြင် ထိရှသော ကဗျာကလေးများဟု ဆိုနိုင်သည်။

ယင်းတို့ကား အချစ်နှင့် အချစ်စိတ်ကို ဖော်ညွှန်းခြင်း လည်း ဖြစ်၏။ အချစ်ကို ခံစားဖူးသူတိုင်း ထိရှခံစားနိုင်ရန်၊ မျှဝေခံစားနိုင်ရန် ဖော်ပြရသည်။

ရန်အောင် စာပေ

ယင်းတို့ကား . . . ။

**'အချစ် ခံစားမှု (၁)'**

အင်္ဂလန်က
အက်ဒဝပ်ဘုရင်၊ ဆင်မဆင်နဲ့ ချစ်ခင်
အများအမြင် မတင့်တယ်
ပစ်ပယ်ရမတဲ့
အက်ဒဝပ်ရဲ့ စကား
ကျွန်တော်တို့ ကြားဖူးတယ်

ကြင်နာသူ မိန်းမတစ်ဦးရဲ့
ချစ်ခင်မှုနဲ့ ကူညီကာ
အနားမှာ နေတာ မရှိရင်
ဘဝဟာ ပီပြင်ပါ့မလား။
ကြင်နာသူနဲ့ ဝေးတဲ့ဘဝ
ဘယ်မှ လှမလဲ
သူ မရှိရင် ဘုရင်မလုပ်ဘူး . . . ။

ရန်အောင် စာပေ

အချစ်သည်သာ အလှ
အချစ်သည်သာ ဘဝ
အချစ်သည်သာ ထာဝရ
သာမန်ဘဝနဲ့ နေမယ် . . . ။

သူဆိုတဲ့ စကား . . .
ခုထိ ကြားဆဲ၊ ရင်ထဲ စွဲနေတယ်
အသည်းထဲ စွဲနေတယ် . . . ။

ဒါဟာ ချစ်ခြင်းတရား၊
ဒါဟာ သစ္စာတရား
အများရှိသလား၊
ကျွန်တော်နှလုံးသားမှာလည်း ဒီအတိုင်းပဲ၊
သူသာ ကျွန်တော့်ဘဝ
သူရှိနေမှ ဖြစ်မယ်
သူ့ကိုပဲ ကျွန်တော် ချစ်တယ် . . . ။

## 'အချစ် ခံစားမှု' (၂)

တဖြည်းဖြည်းနဲ့
ဝေးများသွားရမလား
စိုးထိတ်လှမ်းမျှား
ကျွန်တော် မျှားချင်နေပြီ . . . ။

ခုဆို . . .
ရင်ဖို့နွမ်းလျ၊ သောကရိပ်များ
လွှမ်းခြုံထားသလို၊ ချို့ရွှင်တဲ့ မျက်နှာ
ရွှမ်းတတဲ့ အကြည်၊ သူ၏ နှုတ်မျှား
စကား အလင်္ကာ အကြင်နာ ဝေးလွှင့်
သူနှင့် ကျွန်တော်မှာ
တစ်နာရီကြာအောင် တွေ့ခွင့်မရဘူး။
တစ်နာရီကြာအောင် ကြည့်ခွင့်မရဘူး . . . ။

အို . . .
သူနှင့် ကျွန်တော်ကြား
ဝေးကွာခြင်းများ စည်းခြားတော့မလား

ဝေးသွားသလို ထင်မိတယ် . . . ။

အချစ်ရယ် . . .
အရင်လို တို့ဘဝ
ပြန်ရချင်တယ်
အချစ်က အနားမှာနေ
အချစ်ဓေရင် ကျွန်တော်သွား
ပြုံးရိပ်များနဲ့ ပျော်ရွှင်
ရင်ခုန်ရတဲ့ ဘဝ
အိပ်မက်မှ မဟုတ်တာ
ပြန်ရချင်တာ မှားသလား
နှလုံးသားမှာ အချစ်မြား စူးနေပြီ . . . ။

ပစ်ခွာပြေးမလား
အနားမှာ နေချင်သူ
အချစ်ငြူစူမှာ စိုးသူ
အသည်းနှင့်အောင် ချစ်တဲ့သူ
ပစ်ပယ်သွားမှာ စိုးရွံ့သူ . . . ။

**‘အချစ် ခံစားမှု’ (၃)**

🍎 သူနဲ့ ကျွန်တော် . . . .
ခဏခဏ တွေ့ကြတယ်၊
ပြုံးရယ်ခြင်း ကင်းမဲ့၊ အချစ်ရဲ့ နှုတ်ဖျား
စကားထွေလား တစ်ခါတစ်ခါ
အကြင်နာမဲ့သလို၊ ရက်စက်သလို၊
သူ ဆိုရက်တယ် . . . ။

🍎 သူ့နှုတ်ဖျားက၊ ဖွင့်ဟစကား
များလို ချိုလျှင်၊ ရင်ခုန်သံ ဖြစ်မလား။
စောင့်စားခဲ့ရ၊ မဖွင့်ဟဘူး
အချစ်ဦး မဟုတ်တဲ့ ငါ . . .
ရင်နာရှာနဲ့၊ သူ့ရဲ့အချစ်များ
စောင့်စားခဲ့တာ၊ ကြာပြီပေါ့ကွယ်
မောတယ် အချစ်ရယ် . . . ။

🍎 တစ်ခါတစ်ခါ . . .
ချစ်စကားလိုလို၊ မုန်းစကားဆိုသေး

ထွက်ပြေးမလား
ရှောင်တိမ်းမလား
ဝေးရလေမလား
နှလုံးသားမှာ စိုးထိတ်စွာနဲ့
ချစ်နေခဲ့ရသူ . . . ။

အချစ်အတွက် . . .
မျှော်လင့်ချက်များစွာ
ချစ်ခြင်းများစွာ
ကြင်နာခြင်းများစွာ
စေတနာများစွာ
ရင်မှာ သိုဝှက်၊ သူ့အတွက်ပေါ့
ချစ်သက်လက်ဆောင် ပေးချင်တယ် . . . ။

အချစ်ဆိုတာ . . .
လေပြေလေညှင်းပါ
လေပြင်းမုန်တိုင်း မဟုတ်ဘူး . . . ။

အချစ်ဆိုတာ . . .
နားခိုရာပါ၊ အရိပ်ပါကွယ်
ရင်မှာ မင်းအတွက် မျှော်လင့်ချက်နှင့်
သိုဝှက် ချစ်အိမ်ဆောက်ထားမယ် . . . ။

'အချစ် ခံစားမှု (၄)'

အချစ် လိုသလား
နှလုံးသားကို
ယူသွား ယူသွားပါ . . . ။

အချစ် လိုသလား
သိက္ခာများကို
ယူသွား ယူသွားပါ . . . ။

အချစ် လိုသလား
အောင်မြင်မှုများကို
ယူသွား ယူသွားပါ . . . ။

ရန်အောင် စာဝေ

ဒါပေမယ့်ကွယ် . . .
တောင်းပန်ချင်တယ်၊ 'ချစ်တယ်' ဆိုတဲ့ စကား
ပြန်မယူသွားပါနဲ့လား . . . ။

ချစ်တဲ့သူ
ကြင်နာတဲ့သူ
အချစ်ဆုံးသူရဲ့
အချစ်မဲ့အဆုံးမှာ
အမုန်းရှိမလား
မကြားချင်ဘူးကွယ် . . . ။

မင်းလိုချင်တာ . .
ယူသွား ယူသွားပါ
တစ်ခုသာ သတိထား
ပြေးမသွားနဲ့
မုန်းမသွားနဲ့
ဝေးဝေးမသွားနဲ့
အနားမှာ နေပါ
မင်းဟာ ကိုယ့်ရဲ့ ကမ္ဘာ . . . ။

ရန်အောင် စာပေ

'အချစ် ခံစားမှု' (၅)

❦ သူ့ကို ချစ်တဲ့ ကျွန်တော်
သူ့အလိုကျ နေချင်တဲ့ ကျွန်တော် . . . ။

❦ ကျွန်တော့်ဘဝမှာ . . .
သူသာ သခင်၊ သူသာ ဘုရင်ပဲ
ကျွန်တော့်ရင်မှာ အမြဲရှိနေတယ် . . . ။

❦ သူနဲ့ ပတ်သက်ရင် . . .
ကျွန်တော် အရှုံးပေးချင်တယ်
သူ ဖြစ်စေချင်သလို၊ သူ့အလိုကျ
သူ့စိတ်တိုင်းကျ
ရှေ့က သွားဆိုသွား
နောက်မှာ နေဆိုနေ
ကျွန်တော်ဆိုတာ အရုပ်ကလေး
သံပတ်ပေးသလို နေပြမယ်
အမိန့်ပေးသလို နေချင်တယ် . . . ။

ရန်အောင် စာပေ

❦ သူ မျက်နှာညှိုးရင်
ရင်ဖိုတယ်
သူ မျက်နှာချိုရင်
ပျော်ရွှင်တယ်
လမ်းခွဲပြန်တော့ ငိုချင်တယ်
ကျွန်တော် အရင် ဒီလို မဖြစ်ဖူးဘူး။
ကျွန်တော် အရင် ဒီလို မချစ်ဖူးဘူး . . . ။

❦ ကျွန်တော် ချစ်သလို . . .
ကျွန်တော့်ကို ချစ်တယ် ဆိုတဲ့စကား
ကျွန်တော် ကြားချင်တယ်
ပြောမြပါလား
သူ ခက်နေလား
သူ ခဉ်းစားနေလား
သူမျက်ကြားမှာ ခိုးသလား
ရင်ခွင်ကြား နားဒို၊ ပျားလို ချိုတဲ့စကား
သူများ မကြားစေရဘူး
နှစ်ဦးထဲ ကြားစေရမယ်
တိုးတိုးကလေး ပြောကွယ်

ရန်အောင် ၈၁၈၀

ရင်ခုန်ချင်တယ်၊ မျှော်ရှူချင်တယ်
‘ချစ်တယ်’
‘ချစ်တယ်’.

## ’အချစ် ခံစားမှု’ (၄)

တစ်ယောက်ထဲ
နေရတဲ့ ဘဝ
အထီးကျန်ရတယ် ဆိုသူရယ် . . . ။

အများရဲ့ အလယ်မှာ
ဝေဒနာသည် ဘဝ
ညီမျှခြင်း၊ နတ္ထိ
တူညီမှု မရှိတဲ့ဘဝ
အထီးကျန်ရတာ ကိုယ်ရယ်ပါ . . . ။

အချစ်ဆုံးနဲ့ ဝေးကွာ
မနှစ်သက်သူရဲ့ ရင်ခွင်မှာ
ခိုတွယ်ရတဲ့ ဘဝ

အလှမရှိ
အကျည်းတန် ဘိတယ်
အထီးကျန် ဘိတယ် . . . ။

'အချစ် ခံစားမှု' (၄)

- အချစ် ကြားမလား
စကားတစ်ခု ပြောချင်တယ် . . . ။

- မျက်နှာ ရွှေလေး မမြင်ရတဲ့ အခါ
ဘဝဟာ မှောင်အတိ
အလှဆိုတာ မရှိဘူးလေ . . . ။

- ချစ်သူကို မပိုင်ရ
အချစ်နဲ့ ဝေးရတဲ့ဘဝ
ကမ္ဘာရ လွင်ပြင်၊ အလှဆင်မရ
နေ့ဟာ ည
ညဟာ ည
ခဏ ငဲ့ကြည့်ပါဦးကွယ် . . . ။

❦ မျှော်လင့်ခြင်းရင်မှာ၊ ရော်ရည်ကာ တမ်းတ
နှမ်းလျှပူလောင်၊ မြောက်တောင် မျှော်ကြည့်
သူ မရှိတော့၊ အားလျော့စိတ်ပန်း
အလွမ်းလက်တို့၊ လွမ်းဖို့ နမိတ်လား
ပိုးတဝါး ထွေးထင်၊ ရုပ်သွင် မပြတ်သား
ချောင်းခြား ကိန္နရား ရက် ခုနှစ်ရာ လွမ်းရသလို
အလွမ်းကို ပန်းလို ပန်ရဦးမယ် . . . ။

❦ တို့နှလုံးသားမှာ . . .
တို့ရင်ထဲမှာ . . . နေပါလားကွယ်
ဝေးသွားမှာ စိုးတယ်
ပြေးသွားမှာ စိုးတယ်
ထားခဲ့မှာ စိုးတယ် . . . ။

**'အချစ် ခံစားမှု' (ခ)**

❦ သူ့ကို ကျွန်တော် . . .
မျှော်နေမိတယ်
သူလာရင် ပျော်တယ်

သူမလာရင် ရင်ထွေခုန်မော
မောလှတယ် အရမ်းပဲ
ကျွန်တော့အသည်းတွေ ကွဲကြေ
ကျွန်တော် မနေတတ်ဘူး . . . ။

❦ ပြောရင် ပိုတယ်ထင်မယ်
ရင်မှာ မြတ်နိုးစွာ ထွေးပွေ့ကာထား
ကျွန်တော့်အနားမှာ သူနေ
ကျွန်တော်ကြည့်ရင် မြင်နေမှ
ကျွန်တော့်ဘဝ ချမ်းမြေ့မှာ
သူဟာ ကျွန်တော့်ကမ္ဘာ
သူဟာ ကျွန်တော့် ဘဝ
သူရှိနေမှ ပြည့်စုံမယ် . . . ။

❦ သူလိုချင်တာ
သူ့ကို မြတ်နိုးတာ၊
သူ သိပါတယ်
သူမလာရင် မျှော်နေရ
တမ်းတရတဲ့ ကျွန်တော်

သူလာရင်
ကျွန်တော် ပျော်ရွှင်ရ
သူ့အလိုကျ ကျွန်တော်နေ
သူစေရာ ကျွန်တော်သွား
သူ့အနားက အချစ်ရှုပ် . . . ။

သူလိုရာ
သူစေရာ
သူ အာဏာတည်စေရ
သူပျော်ရင် ကျွန်တော် ပျော်ရ
သူမလာရင် မျှော်နေရ
ရင်မောနေရတဲ့ ဘဝ
ချစ်ဇောဝေရတဲ့ ဘဝ . . . ။

'အချစ် ခံစားမှု' (၉)

တစ်ပါတ်မှာ . . .
ခုနစ်ရက်ရှိတဲ့ အနက်
တစ်ရက်ကို နှုတ်လိုက်ချင်တယ် . . . ။

❦ ခနေပြီး တနင်္ဂနွေ . . .
ပြည်သူတွေ နားတဲ့ရက်
ငြိမ်းချမ်းတဲ့ ရက်တဲ့
ပြောရက်လိုက်တာ
ကျွန်တော့်အတွက်
သောက ရက်
ဝေဒနာ ရက်
လွမ်းမောရတဲ့ ရက်
ခံစားရတဲ့ ရက်
တစ်လမှာ လေးရက် . . . ။

❦ အချစ်က . . .
တနင်္ဂနွေ
လွမ်းရက်က . . .
တနင်္ဂနွေ
ရင်ထဲမှာ နေနဲ့လ
ကျွန်တော် ပြောမပြတတ်ဘူး . . . ။

ရန်အောင် ၈၁၀ပ

🍎 ပြောပြရင် . . .
လောကဖြစ်မှာ
ကျွန်တော်ဆိုတာ .
ကြင်နာသူ အချစ်ရဲ့
ဘဝပိုင်သူ
အချစ်ပိုင်သူ
သက်ဆိုင်သူ ဟုတ်ရဲ့လား
ပြောထားဦးလေ . . . ။

🍎 နေမင်းကြီး မပြန်သေးဘူး
အလင်းရောင် မကုန်သေးဘူး
နေဦး အချစ်ရဲ့
မပြန်နဲ့ဦးလေ
နေ . . . နေပါဦးကွယ်
ကြည့်လို့ မဝသေးဘူး . . . ။

ဤကဗျာများက သာမန်ကြည့်လျှင် "သာမန်အချစ်ကဗျာများ" ဟု ဆိုနိုင်သော်လည်း၊ အသေအချာစဉ်းစား ကြည့်လျှင် အချစ်နှင့်အတူ ခံစားပေါက်ကွဲ လွင့်စင်ထွက်လာသည့်

ခံစားမှုစာများ ဖြစ်သည်။

"အချစ်ကို သိသူတိုင်း၊ အချစ်ကို ခံစားနားလည်သူတိုင်း မျှဝေခံစားနိုင်သည့် ကဗျာများ" ဆိုလည်းမမှား။ သို့နှယ်ပင် ဤကဗျာများသည် "ချစ်ခြင်းနှင့် ခံစားမှု ယှက်နွယ်ပတ်သက်မှုသဘောတရားများ" ဟု ဆိုလျှင်လည်း မှားမည်မဟုတ်ချေ။

ထို့အတူ ဤကဗျာများသည် အချစ်နှင့် ခံစားမှု ယှက်နွယ်ပေါင်းစည်းမှုကို ဖော်ညွှန်းနေမည်မှာ မုချ။

## (၆)

## 'အချစ်သည် ဆိုသည်မရှိ'

အချစ်နှင့်ပတ်သက်လျှင် လူတွေက အမျိုးမျိုးပြော
သည်။ ဤသို့ ပြောကြသည့်စကားများအနက် လင်မယားဘ
မှာ အချစ်ကုန်၊ အရှက်ကုန် ဆိုသည့်စကားကို ပို၍ ဘ
မကျစရာ ကောင်းသည်။

လင်မယားဘဝမှာ အရှက်ကုန်ဆိုသည့်စကား
တော့ ဘာမှမပြောလိုပါ။ ချစ်သူဘဝတွင် ကြင်နာမှု၊ ယုယ
နှင့် သမုဒယကိစ္စတွေ ယှက်ပြေးနေ၏။ မထိရက်၊ မကိုင်ရ
နှင့် ယုယကြင်နာမှုများသာ ယှက်ပြေးနေကြ၏။

ချစ်သူဘဝတွင် ချစ်ရေးချစ်ရာကိစ္စသည်သာ အရေးပါသည်။ လိင်ကိစ္စတွေ မပါခဲ့။

သို့သော် ချစ်သူဘဝအဆုံး လင်မယားဘဝ ရောက်သည်နှင့် လိင်ကိစ္စတွေ ပါလာသည်။ သွေးသားကိစ္စတွေ ဒွေးရောယှက်တင် ပါဝင်နေသဖြင့် အချစ်ကို အရောင်ဆိုးလိုက်သလို ဖြစ်သွားသည်။ အချစ်က ပေါ့သလိုဖြစ်သွားသည်။

အချစ်ကုန်ဆုံးသွားသည်တော့ မဟုတ်။

မည်သို့ဆိုစေ ဒါကိုပင် လူတွေက လင်မယားဘဝတွင် အချစ်ကုန်ဆုံးသွားသည်ဟု ထင်ကြသည်။

မိမိမှတ်မိနေသေး၏။

တစ်ခါက မိမိ၏မိတ်ဆွေဖြစ်သည့် မိန်းကလေးတစ်ဦးက မိမိကို . . .

*"တို့က ချစ်ဆုံးလူနဲ့ ဘဝတစ်ခု ထူထောင်လိုက်နိုင်ပြီဆို တို့အတွက် ပြီးဆုံးသွားပြီ။ အချစ်ကို မွေးမြူဖို့ မလိုတော့ဘူး"*

ဟု ပြောသည်။

စင်စစ်မူ သည်စကားက တကယ်ကို စိုးထိတ်

ရန်အောင် စာပေ

ကြောက်လန့်စရာ စကားပင်။ "အတွေးမှား တစ်ခု" ဟု ဆိုလျှင်လည်း ရသည်။ အဘယ့်ကြောင့်ဆိုသော် ဒီကနေ့ ယိုယွင်းပျက်စီးသွားသည့် အိမ်ထောင်များကို သုံးသပ်ကြည့်လျှင် အိမ်ထောင်တစ်ခု ထူထောင်လိုက်လျှင် "အချစ်ကုန်ဆုံးပြီ" ဟု ယူဆကြသူများ ဖြစ်နေကြသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

အချစ်ဆိုသည်မှာ အိုမင်းရင့်ရော်သွားတတ်သလား၊

အချစ်ဆိုသည်မှာ ကုန်ဆုံးသွားတတ်သလား။

ဤမေးခွန်းကို စာရေးသူ ကြိမ်ဖန်များစွာ မေးခဲ့ဖူးသလို၊ စူးစမ်းလေ့လာမှုများ ပြုခဲ့ဖူးသည်။ ယင်းသို့ စူးစမ်းလေ့လာမှု ပြုကြည့်သောအခါ ထူးခြားသော အဖြေတစ်ခုကို ရသည်။

ထိုအဖြေသည် အခြားမဟုတ်။

အချစ်သည် ကုန်ဆုံးသော အရာမဟုတ်။

အချစ်သည် အိုမင်းရင့်ရော်သွားတတ်သော အရာမဟုတ်။

ရန်အောင် စာပေ

ထိုအကြောင်းနှင့် ပတ်သက်၍ အနောက်တိုင်းစာဆို တစ်ဦး၏စကားသည် မှတ်သားဖွယ်ကောင်းလှ၏။

သူ့စကားက အခြားမဟုတ်။

*"အချစ်ဟူသည် မွေးဖွားခြင်းနှင့် စခဲ့သကို၊ သေဆုံးခြင်းနှင့် ဆုံးသည်ဟုလည်း ဆိုနိုင်၏။ တစ်ခု ထူးခြားသည်က လူ့ဘဝတွင် မွေးဖွားခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ သေဆုံးခြင်း ဟူ၍ ရှိသော်လည်း၊ အချစ်တွင်မူ ပြောင်းလဲခြင်း၊ အိုမင်းခြင်း မရှိ။*

*"လောကတွင် မပြောင်းလဲခြင်းတရားနှင့်အတူ ယှဉ်တွဲတည်ရှိနေသည်မှာ အချစ်မှတပါး အခြားမရှိ"*

မှန်သည်။

လောကဌ် ထာဝရ ရပ်တည်ရှင်သန်နေသည်မှာ အချစ်မှတပါး အခြားမရှိပေ။ သို့သော် အဘယ့်ကြောင့် "အချစ်ကုန်ဆုံးပြီ၊ အချစ်အိုမင်းသွားပြီ" ဟု ယူဆထင်မြင်နေကြသနည်း။

စင်စစ်မူ အချစ်ဆိုသည်မှာ အိုမင်းရင့်ရော်စေသော အရာမဟုတ်။

အချစ်ဆိုသည်မှာ ထာဝရ နုသစ်နေသော အရာသာ ဖြစ်၏။ အချစ်ဆိုသည်မှာ ပြုပြင်ယူယခြင်းဖြင့် နုသစ်စေသော အရာသာဖြစ်၏။ ပညာရှိများက ပြောသည်။

*"အချစ်ကို ရိုမင်းတယ်လို့ မြော်ကြသူတွေဟာ အချစ်ကို မသိသူတွေပဲ။ အချစ်ကို သိသူတွေက အချစ်ကို မြှင့်မြှင် ကြတယ်။ အချစ်ကို အလှဆင်ကြတယ်"*

ဤစကားသည် အဓိပ္ပာယ်နက်နဲသော စကားလည်း ဖြစ်၏။ မိတ်ဆွေတစ်ဦးက ပြောဖူးသည်။

*"လောကမှာ မိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ငြိမ်းမြည်စံ တဲ့ ၁၀ ဂုဏ်ပိုင်ဆိုင်သူတိုင်းဟာ အချစ်ကို နားလည်သူ တွေ ဖြစ်တယ်တဲ့"*

ထိုသူများက "အချစ်မအို" ဟု နားလည်ကြသူများ သာ ဖြစ်၏။ ထိုသူများက "အချစ်ကို ထာဝရ နုပျိုနေသည်" ဟု နားလည်ကြထားသလို၊ အချစ်ကို အစဉ်အမြဲ ဆန်းသစ်နေ အောင် ပြုပြင်ကြသည်။

ရန်အောင် စာပေ

ထိုသူများဘဝသည် လှပြီးရင်း လှနေကြ၏။

မခင်သစ်ကို ကျွန်တော် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ မခင်သစ်က ချစ်စရာကောင်းသော မိန်းကလေးတစ်ဦး ဖြစ်သော်လည်း အချစ်ကို မသိသူဖြစ်၏။

မခင်သစ်က ပြောဖူးသည်။

*"ခုဆို ခင်သစ် အိမ်ထောင်သည် ဖြစ်ပြီလေ။ ဒါကြောင့် ခင်သစ် မိန်းမကောင်း မိန်းမမြတ် ပီသအောင် ကြိုးစားရမယ်။ အိမ်ထောင်မှုတာဝန်တွေ ကျေပွန်အောင် ထမ်းဆောင်ရမယ်။ ခင်သစ်ဘဝအတွက် ဒီအချိန်မှာ ဒါဟာ အလိုအပ်ဆုံးပဲ။ အချစ်ကို မွေးမြူဆန်းသစ်နေဖို့ မလိုဘူး"*

မခင်သစ်စကားသည် မှန်ပင်မှန်ငြားသော်လည်း လုံးဝဥဿုံ မှန်ကန်သောစကားဟု မဆိုသာ။ အဘယ့်ကြောင့်ဆိုသော် မခင်သစ်သည် မိန်းမကောင်း မိန်းမမြတ်၊ မယား

ကောင်း မယားမြွတ် ဖြစ်ခဲ့သော်လည်း၊ "လင်ချစ်မ" မဖြစ်ခဲ့။ "လင်ပစ်မ" ဖြစ်ခဲ့သည်။

အဘယ့်ကြောင့်နည်း။

အဖြေက ရှင်းလှသည်။ မခင်သစ်သည် တာဝန်ကျေသော မိန်းမဖြစ်စေကာမူ လင်ချစ်အောင် မနေတတ်သော ကြောင့်ပင်။ ထို့အတူ မခင်သစ်ဘဝကို ဆန်းစစ်ကြည့်လျှင် မခင်သစ်သည် . . .

*"အိမ်ထောင်သည်ဘဝတွင် အချစ်ကို ဆန်းသစ်ရန် မလို"*

ဟု ယူဆခဲ့သောကြောင့်တည်း။

ဆိုရလျှင် အချစ်သည် မအိုသကဲ့သို့၊ အိမ်ထောင်သည်ဘဝတွင်လည်း အချစ်ပျိုမြစ်ရန် လိုအပ်သည်ဟု နားလည်သင့်သည်။

ထို့အတူ စကားတစ်ခုကို ဖြတ်ကနဲ သတိရမိသည်။

*"လင်မယားရန်ဖြစ်တာ၊ အချစ်ကို ပြန်သစ်လိုက်တာပဲ။*
*အချစ် ပြန်သစ်မှ ဘဝပျိုမြစ်မယ်"*

ဟူသော စကားပင်။

ရန်အောင် စာပေ

အမှန်ကို ဆိုသော် အချစ်သည် မအိုသလို၊ အချစ်ပျို မြစ်ရန်လည်း ဆန်းသစ်တည်ထွင်ဖို့ လိုသည်ဟု ဆိုရချိမ့်မည်။

❀ ♥ ❀

## (၅)
## 'အချစ်နှင့် ဘဝ'

အချစ်နှင့် ဘဝသည် ဆက်စပ်နေသလား။

အချစ်မရှိရင် ဘဝဟာ မပီပြင်တော့ဘူးလား။

ဤမေးခွန်းများကို မကြာခဏ ကြားရသည်။ အချို့က အချစ်နှင့်ဘဝကို သီးခြားအဖြေပေးသည်။ အချို့က အချစ်နှင့်ဘဝကို ပူးတွဲပြောဆိုသည်။

*"အချစ်ဟာ အချစ်၊ ဘဝဟာ ဘဝ။ ဘာမှ မဆိုင်ဘူး"*

ဟု ခါးသီးစွာ ပြောသူတွေလည်း ရှိသည်။

စင်စစ်မူ ဤအဖြစ်ကား နားနဲ့မျက်စေ့လို နီးလျက်နဲ့ ဝေးနေကြခြင်းသာ ဖြစ်၏။ ပြောရလျှင် ဝေါဟာရသဘော အရ အချစ်သည် အချစ် ဘဝသည် ဘဝ ဖြစ်နေသော်လည်း လူ့လောက လူ့မြေခြာတွင် အချစ်နှင့်ဘဝသည် စွယ်တော်ရွက် လို ပူးတွဲနေသည်ဟု ဆိုရချိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် အချစ်ကြောင့် ဘဝလှပခဲ့ သလို၊ ဘဝလှပစေမှုအတွက် အချစ်သည် အဓိကကျနေသော ကြောင့်တည်း။

ယင်းသမို့လည်း ပညာရှိများက . . .

*"အချစ်မရှိလျှင် ဘဝမရှိ"*

ဟု ဆိုမိန့်ကြခြင်း ဖြစ်သည်။ သို့အတွက်ကြောင့် လည်း ကျွန်တော်တို့သည် အချစ်နှင့်ဘဝ၏ ဆက်နွယ်ပတ် သက်မှုကို တိကျစွာရှိစေရန် စူးစမ်းသင့်သည်။

ထိုသို့ စဉ်းစားဆင်ခြင်မှုလည်း အချစ်ကို ပြတ်ထင် စွာ ခံစားနိုင်သလို၊ ဘဝကို နားလည်းနိုင်မည် ဖြစ်၏။ သို့နှယ် ပင် အချစ်၏တန်ဖိုး၊ ဘဝ၏တန်ဖိုးကိုလည်း နားလည်မည် ဖြစ်သတည်း။ ။

အချစ်နှင့် ဘဝကို စူးစမ်းလိုသူတိုင်းသည် အချစ်နှင့်
ဘဝ၏ အနက်အဓိပ္ပာယ်ကို နားလည်သင့်သည်။ အချစ်ကို
လည်းကောင်း၊ ဘဝကို လည်းကောင်း၊ ကောင်းကောင်းနား
လည်သူသည် အချစ်နှင့်ဘဝ ဆက်နွယ်မှုနှင့်အတူ၊ အချစ်နှင့်
ဘဝ၏ တန်ဖိုးကိုလည်း နားလည်နိုင်ချိမ့်မည် မဟုတ်ပေ။

တစ်ခုရှိသည်က အချစ်နှင့်ဘဝ၏ ပေါင်းစပ်မှု
နောက်တွင် ငြိမ်းချမ်းခြင်း၊ အေးမြခြင်း၊ ပျော်ရွှင်ခြင်းများ ရှိလာ
သည်မှာ မှန်ကန်သော်လည်း၊ အချစ်နှင့်ဘဝ၏ ပုံဆောင်
အနက် အဓိပ္ပာယ်များကမူ တူညီမှုရှိမည် မဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော် ဘဝတွင်လည်းကောင်း၊
အချစ်တွင်လည်းကောင်း သီးခြားပုံဆောင်အဓိပ္ပာယ်များ ရှိနေ
သောကြောင့် ဖြစ်သည်။

'ဘဝ'

ဘဝဟူသည်မှာ မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြား
တည်ရှိနေသောကာလမှ ဖြတ်သန်းမှု ဖြစ်စဉ်များကို ခေါ်
ဆောင်ခြင်း ဖြစ်သည်။ သို့သော် "ဘဝ" ဟူသည်မှာ စကားလုံး
နှစ်လုံးသာ ရှိသော်လည်း ဘဝအဓိပ္ပာယ်များက ကျယ်ဝန်းလှ
သည်ဟု ဆိုရမည်။ ဘဝတွင် အမျိုးမျိုး အစားစား ရှိကြသည်၊

ဝိဘာဝများက ဖြတ်သန်းမှုအရ ပေါ်ပေါက်လာသည့်သဘော
ား ဖြစ်သည်။

မည်သို့ဆိုစေ ဘဝတွင် အမျိုးအစားများစွာ ရှိသော်
သည်း၊ ထိုဘဝများတွင် အချစ်သည် မင်းမူစိုးမိုးနေသည်။
ရွယ်အစားအလိုက် အချစ်သည် ဖြစ်တည်နေခဲ့၏။

ငယ်စဉ်အခါတွင် မောင်ချစ်၊ နှမချစ် "၅၂၈သွယ်
မေတ္တာချစ်" ကို ခံစားထွေးဖက်ရသကဲ့သို့၊ ကလေးဘဝမှ
ွန်မြောက်လာလျှင် "၁၅၀၀တည်းဟူသော မေတ္တာ" ကို
ထွေးဖက်ခံစားရသည်။

အထူးသဖြင့် လူ့ဘဝတွင် အချစ်နှင့်ကင်းသည် ဟူ
 မရှိပေ။

## 'အချစ်'

"အချစ်" ဟူသည် နူးညံ့သိမ်မွေ့သော စိတ်အာဟာရ
စ်ခုဟု ဆိုနိုင်သည်။ သို့တစေ အချစ်၏ အဓိပ္ပာယ်ကိုမူ ဖွင့်
ဆိုရန် ခက်လှ၏။

မည်သို့ဆိုစေ အချစ်သည် ဘဝနှင့်ကင်းကွာမှု မရှိ
င်ဟု ဆိုရမည်။ ဘဝတွင် အချစ်သည် အရေးပါသောအခန်းမှ
ါဝင်နေသည်။

လူ့ဘဝတွင် အချစ်သည် မီးနယ် ပါဝင်သ
တစ်ခါတစ်ရံ ရေလို ပါဝင်နေသည်ကို တွေ့ရ၏။

လူ့ဘဝတွင် အချစ်သည် အပူဖြစ်သလို၊ အ
လည်း ဖြစ်၏။

**'အချစ်၊ ဘဝ ပေါင်းစပ်မှု'**

အချစ်နှင့် ဘဝသည် ကင်းကွာ၍ မရသည်မှာ
အမှန်ပင်ဖြစ်သည်။ အချစ်နှင့်ဘဝသည် လက်ညှိုးနှင့် လက်
လို အမြဲအတွယ် ပြုနေသည်ဟု ဆိုရမည်။

အဘယ့်ကြောင့်ဆိုသော် အချစ်သည် ဘဝတ
အတွက် တန်ခိုးရှင်၊ ဖန်တီးရှင် ဖြစ်နေသောကြောင့်တည်

ဘဝတွင် အချစ်အရေးပါပုံနှင့် ပတ်သက်၍ "န
သျှင်နောင်" ၏ ရတုတစ်ပိုဒ်က သက်သေဖြစ်နေသည်
တွေ့ရ၏။ ယင်းကား . . .

'လွှမ်းတာပူသွေး၊ သူနှင့်ဝေးသော်
ပြည်ထဲရေးထက်၊ ဝမ်းရေးတို့ထက်
လွှမ်းရေးခက်၏'

ဟု ဖြစ်သတည်း။ "တိုင်းရေး၊ ပြည်ရေး၊ ဝမ်း

ဝက် လွှမ်းရေးခက်သည်" ဟူသည့်စကားကို ကြည့်ယုံနှင့်
အချစ်သည် အရေးပါကြောင်း ထင်ရှားနေသည်။ ထို့အတူ
အချစ်နှင့်ပတ်သက်သည်ဟု ပြောခြင်းနှင့်ပတ်သက်၍လည်း
ကွင်းရမည်။

"လွှမ်းရေးခက်၏" ဟူသောစကားသည် အချစ်ကို
ဖော်ညွှန်းနေသောကြောင့် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်
အချစ်သည် အစွယ်အပွားတစ်ခု ဖြစ်နေသောကြောင့်တည်း။

မိမိမှတ်မိနေသေးသည်။

တစ်ခါက မိမိနှင့် မိမိမိတ်ဆွေတစ်ဦး အချစ်အ
ကြောင်း ဆွေးနွေးကြသည်။ သူက . . .

*"အချစ်ဟာ ဘယ်မှာ အရေးပါသလဲ။ အချစ်ဟာ ဖန်ဆင်း
ရှင်၊ တန်ခိုးရှင် ဆိုတာမှန်သလား"*

ဟု မေး၏။

*"မောင်ရှင်က ဘယ်လိုထင်လို့လဲ"*

*"ကျွန်တော်ကတော့ ဒီလောကမှာ ဘုရားလို့ ထင်တယ်"*

သူ့စကားအဆုံး ကျွန်တော် ပြုံးမိသည်။

ရန်အောင် စာပေ

"ဒီကိစ္စကို မောင်ရင် ပေါ်ပေါ်ထင်ထင် မှားလိမ့်မယ်။ ဒီကိစ္စဟာ ချစ်ရေးချစ်ရာဖြစ်သလို၊ အရေးပါတယ် ကိုယ့်လူ။ အချစ်ဟာ ဘဝရေးရာ၊ အရေးပါတာကတော့ အမှန်ပဲလို့ ဆိုရမယ်။ အချစ်ဟာ ဖန်ဆင်းရှင်၊ တန်ခိုးရှင်လို့ တင်စားတာလဲ မမှားဘူး။ ဘာဖြစ်လို့လဲဆိုရင် အချစ်နဲ့ ဘဝ ပေါင်းစပ်ခဲ့ရင် ထူးခြားတဲ့ ဖြစ်စဉ်တွေ ဖြစ်တည်ခဲ့လို့ပဲ"

"ဆရာက ဘဝမှာ အချစ်အရေးပါတယ်လို့ခံယူတယ်ပေါ့"

"မှန်တယ်။ အချစ်ကြောင့် ဘဝဟာ နိုးပြေလန်းဆန်းတယ်။ အဲဒီလိုပဲ လူတွေဟာ အချစ်ကြောင့် ပျော်ရွှင်သလို၊ အချစ်ကြောင့် ညှိုးငယ်နွမ်းလျရတယ်။ ဒီဖြစ်စဉ်တွေဟာ အချစ်ကြောင့် ဖြစ်ခဲ့တာပဲ"

သူက ခေါင်းဆတ်သည်။

ဘဝမှာ ခံစားချက်တွေ ရှိသည်။ ခံစားချက်ဆိုသည်မှာ အချစ်ကြောင့် ဖြစ်တည်ခဲ့သည်။ တစ်ခါက မိမိ မိန်းကလေးတစ်ဦးကို ချစ်ခဲ့ဖူးသည်။

သူနှင့်တွေ့လျှင် ပျော်ရသလို၊ သူမလာရင် မျှော်ရသည်။ ရင်မောရသည်။

ပျော်ရွှင်ခြင်း၊ ရင်မောခြင်းသည် အချစ်ကြောင့် ဖြစ်ခဲ့သည်ဟု ကျွန်တော် သိသည်။ ခံစားမှုကို ဖေါ်ကျူးခဲ့သည်လည်း ရှိခဲ့သည်။

ဒါက အမှတ်တမဲ့မှ အမှတ်တရ ဖြစ်စဉ်ပင် . . . ။

မျှော်လင့်ခြင်းဆိုတဲ့
ရင်မောခြင်း ဝေဒနာ
ပိုင်ဆိုင်ခဲ့တာ ကြာပါပြီ
ဗာနာခြင်းတရား
အကြင်နာတရား
သူ မေ့လျော့နေရောသလား
ချစ်မြှားရှင် ရက်စက်တယ် . . . ။

ရန်အောင် စာပေ

တစ်ခါတစ်ခါ အချစ်ဆိုတာ
ရင်မောခြင်းလား၊ ခံစားခြင်းလား
ဝေဒနာများလား
အလွမ်းများ အပိုင်ယူ
သူ . . .
ကျွန်တော်ချစ်သူ
ပိုင်စိုးခဲ့သူ
ကိုယ် ရင်ပူနေတာ မသိရောလား . . . ။

နှလုံးသားမှာ
အချစ်များ စူးခဲ့ပြီးနောက်
လွမ်းရမှာလည်း မကြောက်
ရင်မောမှာလည်း မကြောက်
ဒွးထောက်အညွှံခံ။
အဓိဋ္ဌာန်တစ်ခု
ကျွန်တော် ပြုခဲ့တယ်
သူနဲ့ ပတ်သက်ရင်
ရင်ကွဲပါစေ
ခံစားရဲတယ်
အလွမ်းဆိုလည်း အပိုင်ယူမယ် . . . ။

ရန်အောင် စာဝေ

(၈)

## 'အချစ်နှင့် အိမ်ထောင်ရေး'

"အချစ်၏ ခရီးအဆုံးသည် အိမ်ထောင်ရေး" ဟု ဆိုကြသည်လည်းရှိသည်။ ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး အသည်းနှင့်အောင် ချစ်ခဲ့ပြီးသည့်နောက် ဘဝတစ်ခုကို ထူထောင်ရန် ဆုံးဖြတ်ကြသည်။ စွယ်တော်ရွက်လို နှစ်ယောက်တစ်ဘဝ ထူထောင်ကြသည်။

အသက်နှင့်အမျှ အသည်းနှင့်အောင် ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး ပိုင်ဆိုင်ကြသဖြင့် ပျော်ရွှင်ကြသည်။ အချစ်ဘဝ ပြည့်စုံသည်ဟု ထင်ကြသည်။ ဤဖြစ်စဉ်က ဓမ္မတာဖြစ်

သဖြင့် အမှားဟု မဆိုသာ။

သို့သော် သိပ်ချစ်သည့်ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး ပိုင်ဆိုင်ကြရသဖြင့် ဘဝမှာ ပြီးပြည့်စုံသွားပြီဟု ထင်ကြသည်။ ပျော်ရွှင်မှုဖြင့် အချစ်ကို နုသစ်စွာ မခံစားကြတော့။ သည်အချက်ကမူ အမှားဖြစ်၏။

အချို့က . . .

*"ကျွန်တော်တို့အတွက် တစ်ဦးကိုတစ်ဦး ပိုင်ဆိုင်ရပြီမို့၊ အချစ်ကို မွေးမြူဖို့ မလိုတော့ပါဘူး"*

ဟု ပြောပြသည်ကိုလည်း ကြားခဲ့ဖူးသည်။

အချို့သော မိန်းကလေးများကလည်း . . .

*"ခုဆို ကျွန်မဟာ အချစ်ဆုံးချစ်သူ ဘဝကို လှန်မြောက်ခဲ့ပြီ။ ကျွန်မချစ်သူကိုလည်း ကျွန်မ ပိုင်ဆိုင်ခဲ့ရပြီ၊ ဒါကြောင့် ခုအချိန်မှာ ကျွန်မဟာ ချစ်တတ်သူ ဘဝထက် တာဝန်ကျေတဲ့ အိမ်ရှင်မကောင်း ဖြစ်အောင် ကြိုးစားရမယ်"*

ဟု ပြောသည်။

ရန်အောင် စာပေ

ဤစကားသည် လုံးဝမှားသောစကားဟု မပြောနိုင်သလို၊ လုံးဝမှန်ကန်သည့်စကားဟုလည်း မပြောနိုင်ပါ။

အထူးသဖြင့် မိန်းကလေးများသည် အိမ်ထောင်သည်ဘဝကို ရောက်ပြီဆိုသည်နှင့်တပြိုင်နက် အချစ်ကို အလေးထားဖို့ ပေ့ါသွားကြသည်။

*"ငါ့ဘဝမှာ လှဖို့ပဲ မလိုတော့ဘူး။ ငါ အိမ်ထောင်ရှင်*
*တစ်ဦးဖြစ်ခဲ့ပြီမို့၊ အိမ်ထောင်တာဝန် ကျေရမယ်။*
*အိမ်ရှင်မကောင်း ဖြစ်ရမယ်"*

ဟု ယူဆကြသည်။

သို့ဖြင့် ကိုယ့်ကိုကိုယ် ပြုပြင်ဖို့၊ လင်ဖြစ်သူ၏ ရင်ထဲတွင် ချစ်စိတ်တွေ ဆူကြွလာအောင်လုပ်ဖို့ မေ့လျော့နေကြသည်။ လင်ဖြစ်သူကို ကျွေးဖို့ မွေးဖို့ ပြုစုဖို့သာ အရေးထားကြသည်။ သားသမီးရလာလျှင် ပိုဆိုးကြ၏။

လင်ကိစ္စ၊ သားသမီးကိစ္စများနှင့် နပန်းလုံးနေကြသဖြင့် အချစ်ကိစ္စ၊ ခင်ပွန်းဖြစ်သူ မိမိအပေါ် ချစ်သည်ထက် ချစ်လာအောင် ပြုစုဖို့ မေ့လျော့နေကြသည်။

အချို့ဆို . . .

*"ငါချစ်သူ ငါ့ကို ချစ်သည်ထက်ချစ်လာအောင် ကထူးမှ နေဖို့ မလိုပါဘူး။ ငါ သူ့အပေါ် ကြင်နာနေရင်၊ အိမ်မှု တာဝန် ကျေပြွန်နေရင် ပြည့်စုံပါပြီ။ ဒီအချိန်မှာ ဒါဟာ အဓိကပါ"*

ဟု ယူဆကြသည်။

ဤသည်မှာ အမှားဟု ဆိုရမည်။

အဘယ့်ကြောင့်ဆိုသော် အချစ်သည် လွတ်လပ်သော လူပျိုအပျိုဘဝတွင်သာမဟုတ်၊ အိမ်ထောင်ရှင်ဘဝတွင်လည်း အထူးတလည် လိုအပ်နေသောကြောင့် ဖြစ်သည်။

❦ ♥ ❦

သည်အကြောင်းပြောရင်း ကျွန်တော် "ထား" ကို သတိရမိသည်။ "ထား" ၏ နာမည်အပြည့်အစုံသည် "ထားထားအိ" ဖြစ်သည်။ ထားသည် မိန်းမချော၊ မိန်းမလှတစ်ဦး ဖြစ်သကဲ့သို့၊ ပတ်ဝန်းကျင်တွင် "မယားကောင်း မယားမြတ်" ဟု တင်စား ခေါ်ဝေါ်ခံရသည့် မိန်းကလေးတစ်ဦးလည်း ဖြစ်သည်။

ရန်အောင် စာပေ

သို့သော် ထားသည် ကံကောင်းသူတစ်ဦးကမူ မဟုတ်ချေ။ ထားသည် ချစ်သူအပေါ်တွင်လည်းကောင်း၊ ခင်ပွန်းသည်တစ်ဦးအပေါ်တွင်လည်းကောင်း၊ တာဝန်ကျေပွန်သူတစ်ဦးဖြစ်သော်လည်း၊ ငြိမ်းချမ်းအေးဆေးသည့် တုန့်ပြန်မှုကိုမူ မရခဲ့ချေ။

အချစ်ဆုံး ချစ်သူဖြစ်သည့်၊ အမြတ်နိုးဆုံး ခင်ပွန်းသည်ဖြစ်သည့် "ကိုဝေလင်း" ၏ အစွန့်ပစ်ကို ခံခဲ့ရသည်။

သူ့အကြောင်း စဉ်းစားမိတိုင်း စိတ်မကောင်း ဖြစ်ရ၏။ သူ့စကားတွေကို မမေ့နိုင်။

*"ထား သူ့ကို အသက်နဲ့ထပ်တူ ချစ်တယ်။ ထားဘဝမှာ သူဟာ အဓိကပါ။ "တစ်သက်မှာ တစ်သည်း တစ်ယောက်တည်း ချစ်တယ်" ဆိုတာ သူ သိပါရက်နဲ့၊ သူခွဲသွားရက်တာ၊ ထားခဲ့ရက်တာ ထား နားမလည်ဘူး။ ထား သိပ်ခံစားရတယ်"*

ဟု သူက ပြောသည်။

သည်တုန်းက သူ မျက်နှာညှိုးနေသည်။ သူ့နှလုံးသားတွင် နာကျင်ခံစားမှုများ ရှုးနင့်နေမည်မှာ မုချပင်။ ရင်ပွင့်

မတတ် ဝေဒနာပင်။

"ထား"မျက်ဝန်းညိုတွင် မျက်ရည်ဥတို့ သီခိုနေသည်။

ဤ၍ဤမျှ ချစ်ရသော "ထား" ကို ဘာကြောင့် "ကိုဝေလင်း" စွန့်ခွာခဲ့သနည်း။ "ထား" အချစ်ကို "ကိုဝေလင်း" မသိလေရော့သလား။ ဒါတော့ ဟုတ်နိုင်မည်မဟုတ်ချေ။

ဝေလင်းနှင့်ထားတို့၏ ချစ်သူဘဝကိုလည်း မိမိအသိပင်။ ဝေလင်းကို ထားက ချစ်သည်။ ထားကို ဝေလင်းက ချစ်သည်။ ခိုင်ခံ့တည်မြဲသော ချစ်ခြင်းတရားနှင့် တစ်သက်တစ်ဘဝ၊ ထာဝရ လက်တွဲမည်ဟု ဆုံးဖြတ်ကြသည်။

*"ထားဟာ ကျွန်တော့်ဘဝအတွက် ထာဝရ အားပေးပေါ် ကြင်နာဖက် ဖြစ်မှာပါ။ နောက်ဆုံး ထွက်သက်အထိ ထားကို ကျွန်တော် ချစ်နေမှာပါ"*

ကိုဝေလင်းစကား။

သို့ဖြင့် သူတို့ဘဝတစ်ခု ထူထောင်ခဲ့သည်မှာလည်း အမှန်ပင်။ ထားကိုယ်တိုင် ကိုဝေလင်းကို ဘယ်၍ဘယ်မျှ

ချစ်သည်ကို သိသည်။ ကိုဝေလင်းကို ချစ်သဖြင့်၊ ကိုဝေလင်း အတွက် ကြည့်သည်။ ကိုဝေလင်းအတွက် တာဝန်ကျေအောင် ကြိုးစားသည်။

**ထားက တာဝန်ကျေသည့် မိန်းမ . . . ။**
**မိန်းမဆန်လွန်းသော မိန်းမ . . . ။**

သို့သော် သည်လိုမိန်းမမျိုးကို ကိုဝေလင်း ဘာ ကြောင့် စွန့်ပယ်ဖို့ ကြိုးစားခဲ့သနည်း။

*"ကျွန်တော် ထားကို ဘွားဖို့ ဆုံးဖြတ်လိုက်ပြီ ဂစ်ကို"*

ဟု ဝေလင်းဆိုတော့ ကျွန်တော် အံ့ဩရသည်။ ထား သည် စွန့်ခွာသွားသင့်သည့် မိန်းမမျိုးလား။ ထားသည် တာဝန် ကျေသည်ကို ကျွန်တော်တို့ အသိ။

*"ထားမှာ ဘာအပြစ်ရှိလို့လဲ ဝေလင်း"*

သူ ဘာမျှမပြော။ သို့တစေ သူက . . .

ရန်အောင် စာပေ

"ဒါကိုတော့ ကျွန်တော် မပြောတတ်ဘူး အစ်ကို။ ဒါပေမယ့် ထားနဲ့ ပတ်သက်လို့ ကျွန်တော့်ရင်မှာ ခံစားမှု မရှိတော့တာတော့ အမှန်ပဲ"

သည်အခါ ကျွန်တော် အထိုက်အလျောက် သဘော ပေါက်ရသည်။

"ဒါဆို မင်းမှားလိမ့်မယ် ဝေလင်း"

ကျွန်တော် ဒါပဲပြောခဲ့သည်။ သည့်ထက်ပို၍ ကျွန် တော် မပြောနိုင်။

❦ ♥ ❦

အသေအချာ စဉ်းစားကြည့်တော့ အဖြေတစ်ခုရလာ သည်။

ထားဘက်မှ မြန်မာအမျိုးသမီး ပီသစွာ တာဝန်ကျေ ပွန်ခဲ့သည်ကို ကျွန်တော်အသိ။ ထားက အိမ်ထောင်စုတာဝန်၊ လင်သားတာဝန်ကျေသည်။

ခက်သည်က ယောကျ်ားတို့က ဤမျှနှင့် ကျေနပ်သူ မဟုတ်။ ပို၍ခက်သည်က မြန်မာအမျိုးသမီးများ၏ အိမ်ထောင်မှုတာဝန်က ကြီးမားများပြောင်သည်။ ထို့အတူ မြန်မာအမျိုးသမီးများက အိမ်ထောင်ရှင်ဖြစ်ပြီဆိုလျှင် မီးဖိုချောင်သချိုင်းမှာ မြှုပ်နှံလိုက်ကြသည်။ လင့်တာဝန်၊ အိမ်ထောင်မှုတာဝန်ကိုပဲ အလေးထားခဲ့သည်။

သို့ကြောင့် လင်သားဖြစ်သူ၏ နှလုံးသား နုပျိုလာစေရန် သတိမရကြတော့။ လင့်တာဝန်၊ အိမ်ထောင်မှုတာဝန် ကျေပွန်လျှင် လင်ကို ချစ်ရာရောက်သည်။ အချစ်ဘဝ ပြည့်စုံပြီဟု ထင်ကြသည်။

စင်စစ်မှု မဟုတ်။

ဤသို့ဖြင့် မိန်းမကောင်း မိန်းမမြတ်များ စွန့်ပယ်ခံရသည်။ သောက ပင်လယ်ဝေရသည်။

ဒီအဖြစ်က ဘာကြောင့် ဖြစ်ရသနည်း။

မဖြစ်သင့်သည့် အဖြစ်ဟု ပြောလျှင်လည်း ရသည်။

သို့သော် ဖြစ်နေကြသည်။

ဖြစ်ရသည်က အချစ်ကြောင့်ဆိုသည်ကို သူတို့မသိကြသလော။ စင်စစ်မှု မိန်းကလေးတို့အဖို့ အိမ်ထောင်ရှင်ဖြစ်လျှင် "အချစ် မလိုတော့" ဟု လည်းကောင်း၊ "အချစ်နသစ်

ရန် မလိုတော့”ဟု လည်းကောင်း မထင်သင့်။

အပျိုစင်ဘဝက အများချစ်အောင် ပြုပြင်နေထိုင်ရသလို၊ အိမ်ထောင်ရှင်ဘဝတွင် ချစ်လင် ချစ်စိတ်ပို၍ဝင်အောင် လုပ်ရမည်။ လင်အတွက် အချစ်သစ်ကို မွေးမြူရမည်။

အိမ်ထောင်ရှင်ဘဝတွင် အိမ်ထောင်ခိုင်မြဲရေး၊ လင်ဖြစ်သူ၏ အမဝချစ်သူဖြစ်ရေးအတွက် အချစ် လိုအပ်သည်ကို မိန်းကလေးတို့ သိသင့်ပေသည်။ ။

(၅)

## 'ယောကျ်ားတို့၏ အချစ်'

*ဘဝ၏ ပါရမီပြည့်ဘက်သည်*
*ချစ်ခြင်း မှတ်၏။*
*သူသည် ချစ်ခြင်းနှင့် ကင်း၍*
*ဘဝကို မရှင်သန်နိုင်။*

အချစ်သည် သတ္တလောကအတွက် အရေးပါဆုံးသော အရာဖြစ်၏။ သတ္တဝါဟူသမျှသည် အချစ်နှင့် မကင်းနိုင်။ အသိဉာဏ် မပြည့်စုံသည့် တိရိစ္ဆာန်တို့ပင်လျှင် အချစ်နှင့်

ကင်းသည်မရှိ။

အထူးသဖြင့် လူတို့သည် အချစ်ကို ပို၍ ဖက်တွယ်ကြ၏။ လူနှင့် အချစ်သည် အစဉ်ယှဉ်တွဲ တည်ရှိနေ၏။

ထို့ကြောင့် ယောကျ်ားၡ၏ နှလုံးသားတွင် အချစ်ရှိသလို၊ မိန်းမတို့၏ နှလုံးသားတွင်လည်း အချစ်ရှိနေကြ၏။ သို့စဉ်လျက် ယောကျ်ားနှင့်မိန်းမတွင် ထားရှိခိုတွယ်သည့် အချစ်ကမူ တူညီမှု မရှိကြချေ။

တစ်ခါက ကျွန်တော့်အား . . .

*"ဆရာမှတ်က အခုတလော အချစ်အကြောင်းတွေ သိပ်ရေးဖြစ်တော့၊ တစ်ခု မေးချင်တယ်"*

ဟု ပြော၏။

*"ပြောပါ"*

*"ယောကျ်ားနဲ့ မိန်းမ အချစ်ခံယူချက်ချင်း တူကြသလား"*

သူ့အမေးအဆုံးတွင် ပြုံးလိုက်မိသည်။ သူ့အမေးသည် မေးသင့်သည့်မေးခွန်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်

လူအများသည် အချစ်ကို ခံစားကြသော်လည်း၊ အချစ်သဘော တရားနှင့် ပတ်သက်၍ သိရှိသူ နည်းလှ၏။

အထူးသဖြင့် ချစ်ရေးချစ်ရာကိစ္စနှင့် ပတ်သက်၍ လူအများက ယောကျ်ားနှင့်မိန်းမ အချစ်ခံယူချက်ချင်း တူညီသည်ဟု ထင်ကြသည်။

စင်စစ်မူ တူညီမှု မရှိပါ။

အဘယ့်ကြောင့်ဆိုသော် အချစ်ကိစ္စနှင့် ပတ်သက်၍ ယောကျ်ားတို့သည် နုနယ်ကြပြီး၊ ခွင့်လွှတ်နားလည်စိတ် နည်းပါးကြသောကြောင့်ဟု ဆိုရမည်။

တိတိကျကျ ဆိုရလျှင် ယောကျ်ားတို့သည် အချစ်နှင့် ပတ်သက်၍ အတ္တကြီးကြသောကြောင့် ဖြစ်သတည်း။

တစ်ခါက ကျွန်တော့်မိတ်ဆွေတစ်ဦးနှင့် ကျွန်တော် ပြဿနာဖြစ်ခဲ့သည်။ ပြဿနာဖြစ်ရသည်က ချစ်ရေးချစ်ရာ ကိစ္စနှင့် ဖြစ်သည်။

သူက "သူ အလွန်တရာ ချစ်ပါသည်" ဟု ဝန်ခံခဲ့သော၊ ရည်ရွယ်ခဲ့သော မိန်းကလေးအား သစ်စိမ်းချိုး ချိုးလိုက်

သည့်ကိစ္စ။ သူက မိန်းကလေးကို သိပ်ချစ်သလို၊ မိန်းကလေးကလည်း သူ့ကို သိပ်ချစ်သည်လို့ ကျွန်တော်အသိ။

ဤသို့ အသည်းနှင့်အောင် ချစ်ခဲ့ကြပြီးသည့်နောက်၊ တစ်ယောက်ကို တစ်ယောက် မမျှော်လင့်ဘဲ လမ်းခွဲကြမည်ဆိုလျှင် အနည်းနှင့်အများ ခံစားမှုတော့ ရှိကြမည်ပင်။

အထူးသဖြင့် မိန်းကလေးတို့က ပို၍ ခံစားရမည်။

သူက လမ်းခွဲရန် စကားဆိုလျှင် မိန်းကလေးခမျာ ပို၍ ခံစားရချိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် မိန်းကလေးများသည် စွန့်ပယ်ခံဘဝကို စိုးရွံ့ကြသောကြောင့်ပင်။

"မင်း "ခုမာ" ကို လမ်းခွဲဖို့ တကယ်ဆုံးဖြတ်လိုက်ပြီလား"

ကျွန်တော်က မေးလျှင် သူက ခေါင်းညိတ်ပြီး . . .

"ဆုံးဖြတ်ယုံတင်မကဘူး သူ့ကို ကျွန်တော်ကိုယ်တိုင်ပြောလိုက်ပြီ"

ရန်အောင် စာပေ

"မင်း ဒီလိုလုပ်လိုက်တဲ့အတွက် တစ်ဘက်မှာ ဘယ်လောက် ခံစားရမယ်ဆိုတာ မင်း စဉ်းစားသင့်တယ်"

"သူ့အတွက် စဉ်းစားနေရင် ကျွန်တော် ပို၍ ခံစားရမယ်လေ"
သူ့အဖြေ။

သူ့အဖြေစကားကို ကျွန်တော်ဘဝင်မကျပေ။ သူ့စကားက အတ္တလွှမ်းနေသည် ထင်ရ၏။

"မင်း သူ့ကို ခွင့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတော့ နာကျည်းစရာတွေရှိနေလား။ သူ့ကို ခွင့်လွှတ်လိုက်တာက ခွင့်မလွှတ်စရာကိစ္စကြောင့်လား"
ဟု မေးရသည်။

"ခွင့်မလွှတ်စရာကိစ္စလို့ပဲ ဆိုရမယ်လေ"

"အပြစ်ကို ပြောမပြနိုင်ဘူးလား"

သူက ပြုံးသည်။

*"ပြောမပြနိုင်ခဲ့ပါ မရှိပါဘူး"*

ဟု ပြော၏။

ဤကဲ့သို့ပင် သူ စုမာအား ခွင့်မလွှတ်နိုင်သည့် ကိစ္စနှင့် ပတ်သက်၍ ရှင်းပြသည်။

သူ့ပြောစကားကြားရတော့ အံ့ဩရသည်။

*"မဖြစ်သင့်ဘူး"*

ဟုလည်း ထင်မိသည်။

အဘယ့်ကြောင့်ဆိုသော် စုမာအား ခွင့်မလွှတ်နိုင်ဘူး ဆိုသည့်ကိစ္စက သူ့ဘက်က ခွင့်မလွှတ်နိုင်သည့် ကိစ္စဟု ဆိုသော်လည်း ကျွန်တော့်အနေနှင့်မူ အသေးအမွှားဟု ထင်သည်။

ပြောပလောက်သည့်ကိစ္စလည်း မမည်။

အကြောင်းကိုဆိုသော် စုမာကို သူ ခွင့်မလွှတ်နိုင်သည့်ကိစ္စသည် သာမန်ကိစ္စဟု ဆိုနိုင်သည်။ ဖြစ်ရိုးဖြစ်စဉ်ကိစ္စလည်း ဖြစ်၏။

ရန်အောင် စာပေ

အဖြစ်က အခြားမဟုတ်။

"စုမာ" သည် ရုပ်ရည်ရူပကာ ပြည့်စုံသလို၊ အပေါင်းအသင်းများသည်။ ယင်းသို့ အပေါင်းအသင်းများရသည်မှာ စုမာသည် ပွင့်လင်းသောကြောင့်ဖြစ်၏။

မကြာမီက စုမာအိမ်တွင် သူငယ်ချင်းများ စုကြသည်။ စုမာသူငယ်ချင်းများထဲတွင် တစ်စုံတစ်ဦးသည် ထူးခြားသူ ဖြစ်၏။ သူက "ငယ်လေး" ဖြစ်ပြီး၊ "ငယ်လေး" သည် ယောကျ်ားရှာတစ်ဦး ဖြစ်နေသောကြောင့်တည်း။

ပို၍ ထူးခြားသည်က "ငယ်လေး" မှ စုမာကို ချစ်စိတ်ဝင်နေခြင်းပင်။

စုမာလည်တိုင်တွင် အစွန်းအထင်း ဖြစ်ခဲ့သည်။

သည်အကြောင်းကို သိတော့ သူ ပေါက်ကွဲသည်။ စုမာကို ဆန္ဒများသည့်မိန်းမဟု စွပ်စွဲသည်။ စုမာက ဖြေရှင်းသော်လည်း မရ။

*"ဒီကိစ္စနဲ့ ပတ်သက်လို့ မင်း ရုမာကို အပြစ်တင်ရင် တစ်ဘက်သတ် ဖြစ်မနေဘူးလား"*

ကျွန်တော်က ပြောတော့ သူခေါင်းခါသည်။

*"မဖြစ်ဘူး အစ်ကို။ ဒီကိစ္စကိုကြည့်ရင် သူ့ဆန္ဒများတာ သိသာတယ်။ မိန်းကလေးတစ်ဦးအတွက် ဆန္ဒများခြင်းဟာ အဆိုးဝါးဆုံးကိစ္စပဲ။ ဆန္ဒများသူဟာ ထိန်းသိမ်းရ ခက်တယ်။ ကျွန်တော် မယုံရဲတော့ဘူး"*

ကျွန်တော် သက်ပြင်းရှိုက်လိုက်သည်။

*"မင်းခက်တာကွာ။ ခုဟာ မိန်းကလေးချင်း ဖြစ်ခဲ့တာလေ။ ဒါကို မင်း မစဉ်းစားမိဘူးလား"*

ဟု ဆိုတော့ သူက ပြုံးသည်။

*"ပိုခက်တာက ဒါပဲလေ။ သူက မိန်းမသားချင်းအတွေ့ ကိုတောင် မကျော်နိုင်ရင်၊ ယောက်ျားနဲ့ဆို ဘယ်လို ယုံရမလဲ။ မိန်းမတွေဟာ အတွေ့ကို မကျော်နိုင်ဘူး။ အတွေ့မှာ သာယာတတ်တယ်ဆိုတာ သိပ်ကို မှန်သွားပြီ"*

ဟု သူက ပြောသည်။

"တကယ်တော့ အချစ်ကို မရှောင်နိုင်တဲ့ မိန်းမသား မဟုတ်ဘူး။ ယောကျ်ားလည်း အတူတူပဲ။ မိန်းမတွေဟာ အချစ်မှာသာယာသလို၊ ယောကျ်ားတွေဟာလည်း အချစ်မှာ သာယာတတ်တယ်။ ပြီးတော့ မင်းတစ်ခုစဉ်းစားရမှာက လူတိုင်းဟာ ခြောက်ပစ်ကင်း သဲလဲစင် မဟုတ်ဘူး။ လူတိုင်းမှာ အနာအဆာဆိုတာ ရှိစမြဲပဲ"

"ဒါဆို အစ်ကိုက ခွင့်လွှတ်စေချင်တယ်ပေါ့"

"ဒါကို ငါက အကောင်းဆုံးလို့ ထင်တယ်။ မင်းတို့ နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာ ချစ်ကြသူတွေလေ"

"ကျွန်တော်ကတော့ သူ့ကို မချစ်နိုင်တော့ဘူး။ ဒါဟာ ယောကျ်ားတစ်ယောက်ရဲ့ ချစ်စိတ်ပဲလေ"

"ယောကျ်ားတစ်ယောက်ရဲ့ ချစ်စိတ် ဟုတ်လား"

ကျွန်တော် တအံ့တသြ မေးလိုက်သည်။ သူက ပြုံးလျက်၊ ပြီးတော့ သူက တစ်လုံးချင်း အေးဆေးစွာ ပြောသည်။

*"အစ်ကိုရယ်၊ တကယ်တော့ အစ်ကိုဟာလည်း ယောကျ်ား တစ်ယောက် ဖြစ်တာမို့၊ ယောကျ်ားရဲ့ ချစ်စိတ်ကို အစ်ကို သိပါတယ်။ တကယ်တော့ ယောကျ်ားတွေဟာ ကိုယ်တိုင် မည်းချင် မည်းနေမယ်။ ချစ်သူကိုတော့ ဖြူစေချင်တယ်။ ကိုယ့်ဘဝမှာ ဘယ်လို အစွန်းအထင်း ရှိနေရှိနေ၊ ကိုယ့် ချစ်သူကိုတော့ အစွန်းအထင်း မဲ့စေချင်တယ်၊ ဒါဟာ ယောကျ်ားစိတ်ဖြစ်သလို၊ ယောကျ်ားရဲ့ ချစ်စိတ်ဆိုရင် လည်း မမှားဘူး။ ကျွန်တော့်ကို ခွင့်လွှတ်ပါ အစ်ကို"*

သူက ပြောသည်။

ပြီးတော့ တည်ငြိမ်စွာ ကျွန်တော့်ကိုကြည့်ပြီး၊ ကျောခိုင်းသွားသည်။ ကျွန်တော် ဘာပြောရမည်မသိ။

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

ထို့အတူ ယောကျ်ားတို့၏ ချစ်စိတ်က အတ္တကြီးမားလွန်းသည်ဟု ယူဆမိလေတော့သည်။

ရန်အောင် စာပေ

(၁၀)

## 'မိန်းမတို့၏ ချစ်ခြင်းမေတ္တာ'

အချစ်ကိစ္စနှင့် ပတ်သက်၍ လူအတော်များများက မိန်းမတွေကို အပြစ်ပြောကြသည်။ အထူးသဖြင့် ချစ်ရေးချစ်ရာ ကိစ္စနှင့် ပတ်သက်၍ မိန်းမတွေကို "အူတိုမျိုး" ဟု ပြောကြသည်။

အချစ်ကိစ္စနှင့် ပတ်သက်၍ နားလည်မှုနည်းသည်၊ ခွင့်လွှတ်ခြင်း၊ စွန့်လွှတ်ခြင်း နည်းသည်ဟု ပြောကြသည်။

ဤညွှန်းဆိုချက်သည် အမှန်ဖြစ်ပါသလော။

*"ကျွန်မတို့ မိန်းမတွေကို ရှုတိုက်တယ်။ နားလည်မှု နည်းတယ်။ ခွင့်လွှတ်ခြင်းနဲ့ စွန့်လွှတ်နိုင်မှု နည်းတယ်လို့ ပြောကြတယ်။ ဒါဟာ တဘက်သတ် ကျမနေဘူးလား"*

ဟု မိန်းမတစ်ဦးက စောရကတက်သည်။

အမှန်တော့မူ မိမိတို့အနေနဲ့ ဤကိစ္စကို အသေအချာ စူးစမ်းသင့်ပေသည်။ စင်စစ်မူ မိန်းမဖြစ်စေ၊ ယောကျာ်းဖြစ်စေ၊ အားလုံးသည် လူသားများဖြစ်သောကြောင့် အကောင်းအဆိုး ဒွန်တွဲနေပေလိမ့်မည်။

ဤအဖြစ်မျိုးသည် မိန်းမတို့တွင် ရှိနိုင်သလို၊ ယောကျာ်းတို့တွင်လည်း ရှိနိုင်သည်။ တယူသန်ပြောမည်ဆိုလျှင် အမှန်တရားဖြစ်နိုင်မည် မဟုတ်ချေ။

❦ ♥ ❦

တစ်ခါက ကျွန်တော် မိန်းကလေးတစ်ဦးနဲ့ ကြုံခဲ့၊ ဆုံခဲ့၊ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသည်။ သူ့အမည်က "မသီတာ" ဖြစ်သည်။

"မသီတာ" ၏ ချစ်သူသည် ကျွန်တော့်သူငယ်ချင်း

"ခင်မောင်တင်" ပင်။ "ခင်မောင်တင်" က "မသီတာ" ကို အသက်တမျှ ချစ်သည်။ "ခင်မောင်တင်" က ဉစ္စာပေါ၊ ရုပ်ချော ယောကျ်ားတစ်ဦးပင်။

ထို့ကြောင့် သူ့တွင် ချစ်သူ ဝိုင်းဝိုင်းလည်နေ၏။ ယင်းသမို့ ကျွန်တော်တို့ အသိုင်းအဝိုင်းက "ခင်မောင်တင်" အား "ရွှေမရှား၊ ငွေမရှား ချစ်သူများသူ" ဟု မုန့်တစ်ချပ်၊ လ္ဘက်ရည်တစ်ခွက် မတိုက်ဘဲ ကင်ပွန်းတပ်ပေးခဲ့သည်။

"ခင်မောင်တင်" သည် မိန်းမထည်လဲတွဲသလို၊ ချစ်သူ မှိုလိုပေါက်အောင်ထားသည်။ "ခင်မောင်တင်" သည် ရင်ခုန်လှုပ်ရှားနေသူလည်း ဖြစ်၏။

သို့သော် "ခင်မောင်တင်" သည် "မသီတာ" နှင့် ဆုံစည်းခဲ့ပြီးသည့်နောက်ပိုင်း ငြိမ်သက်သွားသည်။

သို့နှယ်ပင် "ခင်မောင်တင်" အတွေးအခေါ်များ လည်း ပြောင်းလွဲလာ၏။

*"သီတာဟာ တကယ်ကို ငါ့အတွက် စမ်းရေကြည်ပဲ။ ငါ သီတာနဲ့တွေ့တာ သိပ်နောက်ကျတယ်။ သီတာဟာ ငါ့ချစ်ဦးသူဖြစ်ရင် သိပ်ကောင်းမှာ။ ငါ သီတာ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ"*

ရန်အောင် စာပေ

ဟု "ခင်မောင်တင်" က ပြောသည်။

ရိုးသားတည်ကြည်သည့် "မသီတာ" ကို အချစ်ပိုပြီး၊ ဘဝခရီးမှာ လက်တွဲဖော်အဖြစ် ဆုံးဖြတ်ခဲ့သည့်အတွက် ဝမ်းသာရသည်။

"ခင်မောင်တင်" က "မသီတာ" ကို ချစ်ဦးသူဖြစ်စေချင်သလို၊ "မသီတာ" ကလည်း "ခင်မောင်တင်" ၏ ချစ်ဦးသူဖြစ်ချင်လိမ့်မည်ဟု ထင်သည်။

အချစ်ဆုံးသူ၏ ချစ်ဦးသူမဖြစ်ခဲ့ရသဖြင့် ဆွတ်ကျဉ်လွမ်းမောဖွယ် ဝေဒနာကို သူ ခံစားရလေမည်လား။ "

သို့သော် "မသီတာ" စကားကို ကြားရသောအခါ ကျွန်တော့်နှလုံးသားတွင် "မသီတာ" အား အထင်ကြီး လေးစားစိတ် ပိုခဲ့ရ၏။ "မသီတာ" ၏ အချစ်စိတ်က ပြည့်ဝရိုးသားသလို၊ "မသီတာ" သည် မိန်းမဆန်သော မိန်းမတစ်ဦးဖြစ်ကြောင်း နားလည်ရသည်။

မနေ့က "မသီတာ" နှင့် တွေ့သည်။ "မသီတာ" က ပကတိ ရိုးသားတည်ကြည်သော အလှပိုင်ရှင်ပီပီ၊ တည်

ကြည်လှ၏။ အေးမြလှ၏။ နုသစ်သော အပြုံးနှင့် သူက နှုတ်ဆက်သည်။

"မသီတာကိုတွေ့တော့ ခင်မောင်တင့်စကားကို မေး သတိရမိတယ်"

ကျွန်တော့်စကားဆုံးလျှင် သူ ပြုံး၏။

"ဆရာက ကိုတင့်ရဲ့ တမ်းတမှုကို သတိရတာလား"

"ဟုတ်တယ်။ ခင်မောင်တင်ဟာ ဒီလို မတမ်းတဖူးသူလေ။ သူဟာ ယဉ်ပါးပျော်မွေ့တတ်သူလေ။ သူ့ဘဝဟာ မသီတာနဲ့ တွေ့မှ ပြောင်းလွဲခဲ့တာ။ ပြီးတော့ သူက မသီတာ သူ့ရဲ့ချစ်ဦးသူ မဖြစ်ခဲ့တဲ့အတွက် ပျက်ကြံ့မှုဖြစ်နေတာ"

မသီတာက တည်ငြိမ်စွာ ပြုံးလိုက်သည်။

"ဪ . . . ဆရာရယ်၊ ချစ်ဦးသူ ဘဝဆိုတာ ချစ်သူတိုင်း တပ်မက်တဲ့ဘဝပါ။ ဒီဘဝကို သီတာလည်း မက်မောတာပါပဲ။ သီတာလည်း ကိုတင်ရဲ့ ချစ်ဦးသူ ဖြစ်ချင်တယ်လေ။ ဒါပေမယ့် ကံကြမ္မာ ကစေ့ကစနေ ဖန်လာမှု

*က တမျိုးဖြစ်လာပြီပဲ။ ဒီအတွက် ဝမ်းနည်းနေရမလား။ သီတာတို့ မိန်းကလေးတွေကတော့ တမ်းတခြင်းနဲ့ ရင်မောမခံဘူး။ ချစ်ဦးသူ မဖြစ်ခဲ့ပေမယ့် ချစ်ရသူရဲ့ ချစ်သူဘဝကို ရပြီလေ။ ဒါကို သီတာ ကျေနပ်တယ်။ ချစ်သူဘဝကို ခိုင်မြဲမြဲခင်အောင် တည်ဆောက်မယ်။ ဒါဟာ သီတာတို့မိန်းကလေးတွေရဲ့ ချစ်ခြင်းတရားပဲ"*

*"ဪ . . . သီတာရယ်"*

ကျွန်တော် တိုးတိုးညည်းလိုက်မိသလို၊ မသီတာကို ပိုမိုလေးစား အထင်ကြီးမိပြန်သည်။

မကြာခင်က အချစ်အကြောင်းပြောသည့် စကားဝိုင်းတစ်ခုတွင် . . .

*"မိန်းမတွေဟာ ယောကျာ်းတွေထက် ပိုချစ်ပြီး၊ ပိုသတ္တိရှိတယ်။ ရဲရင့်တယ်"*

ဟု ဆိုတော့ ပြုံးကြသည်။

*"ဆရာကတော့ မိန်းမသားတွေဘက်ကပဲ ရှေ့နေလိုက်နေတာပဲ"*

ဟု ပြောသည်။

*"အမှန်တရားဟာ သက်သေပြချက်တစ်ခု၊ ရှေ့နေလိုက်ခြင်းတမျိုး ဖြစ်မယ်ဆိုလည်း ဖြစ်နိုင်တယ်"*

*"ဆရာ့စကားက ဆန်းတယ်"*

သူတို့က အံ့ဩစွာ ပြောသည်။ ကျွန်တော် ပြုံးနေမိသည်။ ထို့အတူ ဆန်းပြားအံ့ဖွယ်ကောင်းသော မိန်းမတစ်ဦး၏ အကြောင်းကို ပြောပြဖြစ်သည်။

ထိုအကြောင်းကား . . . ။

"ခင်မြင့်နိုင်" က တည်ကြည်ရိုးသားပြီး၊ ပန်းကလေးလို နုဖတ်လှပသူဖြစ်သည်။ တည်ငြိမ်အေးချမ်းသလောက်၊ စကားနည်းသူ။ ထို့အတွက် အများက "အေးဆေးကြောက်တတ်သည့် မိန်းကလေး" ဟု ပြောကြ၏။

သူ့ကို ချစ်သူများသော်လည်း၊ သူက မချစ်တတ်သလို နေတတ်သည်။

*"အချစ်ဟာ မိတ်ကျွမ်းယှဉ်ခြင်း မဟုတ်ဘူး"*

ဟု သူက ပြောသည်။

သည်လိုမိန်းကလေးက "ထွန်းထွန်း" ကို ချစ်သူအဖြစ် ရွေးချယ်သောအခါ အားလုံး အံ့သြကြသည်။

"ထွန်းထွန်း" က လူဆိုးကလေးပင်။ "မကောင်းမှုနှင့် မွေ့လျော်သူ" ဟု ဆိုလျှင်လည်း မှန်သည်။ သည်လိုလူကို အေးဆေးတည်ငြိမ်သော "ခင်မြင့်နိုင်" က ဘာကြောင့် ချစ်သူအဖြစ် ရွေးချယ်သနည်း။

"ခင်မြင့်နိုင်" ကမူ အေးဆေးလှ၏။

*"အချစ်ဆိုတာ နှလုံးသားက ထူးခြားစွာ ဖြစ်တည်ခဲ့တဲ့*

ရန်အောင် စာပေ

*အကြောင်းတစ်ခုလေ။ ကျွန်မအတွက်တော့ သူဟာ ချစ်သင့်ချစ်ထိုက်တဲ့ ချစ်သူတစ်ယောက်လေ"*

ဟု ပြောသည်။

*"သူဟာ လူဆိုးကလေးတစ်ဦးဆိုတာကိုကော "ခင်မြင့်နိုင်" မေ့နေပြီလား"*

ခင်မြင့်နိုင်က ပြုံးသည်။

*"ဒါတွေဟာ အမှန်ပဲ။ ဒါကို ကျွန်မ မငြင်းလိုပါဘူး။ ဒီအတွက်နဲ့ ကျွန်မ သူ့ကို မချစ်ရတော့ဘူးလား။ သူဟာ ကျွန်မမေတ္တာတွေနဲ့ ပြန်လည်ရိုးသားငြိမ်းချမ်းလာမယ် လို့ကော မပြောနိုင်ဘူးလား"*

သူ၏ ချေပချက်များအား မည်သူမျှ ပြန်လည်တုန့်ပြန်ခြင်း မပြုသော်လည်း၊ "ခင်မြင့်နိုင်" အား "အချစ်ရူး ရူးနေသူ၊ မိုက်မဲသူ" ဟု ဝေဖန်ယိုးစွပ်ကြသည်။

ခင်မြင့်နိုင် အပြုံးမပျက်။

*"သူဟာ မိုက်မဲသူဖြစ်ပေမယ့် အချစ်ကို နားလည်သူပါ။ သူဟာ မေတ္တာကြောင့် ကြည်လင်အေးမြလာမှာပါ"*

ဟု ဆိုသည်။

ထို့အတူ "ခင်မြင့်နိုင်" "ထွန်းထွန်း" ကို လက်ထပ်ခဲ့သည်။ ယင်းသမို့ အမှားကြီး မှားခဲ့သည်။ နောက်ဆုံး "ခင်မြင့်နိုင်" ဘဝသည် "ထွန်းထွန်း" ကြောင့် မျက်ရည်ပင်လယ်ဝေရ၏။

"ခင်မြင့်နိုင် နှာခေါင်း ကျည်ပွေ့တွေ့ခန်း" ဟု ဆိုကြသည်။ သို့တစေ "ခင်မြင့်နိုင်" သည် သတ္တိမနည်းပေ။ သူ့ရင်ထဲတွင် နာကျင်စွာ ခံစားခဲ့ရသလို ခိုင်ကျဉ်ခဲ့သည်။

*"လောကမှာ 'ကျွဲ ဖြူနဲ့မင်း၊ လင်အညီကြိုက်တာကို မမှားရအောင် တရားပြုလို့ မရဘူး' ဆိုတာ အမှန်တရားပဲ"*

ဟု သံဝေဂစကား ဆိုခဲ့သလို . . .

*"ကျွန်မတို့ မိန်းကလေးတွေဟာ အချစ်နဲ့ ပတ်သက်လာရင် မိုက်မဲကြတယ်။ ခင်ပွန်းအားကြည့်ရင် ကိုယ်ချစ်သူကို အပြစ်မယူဘဲ၊ မိုက်မဲမှုကို အချစ်နဲ့မှုမှုင်မယ်လို့ ဂုဏ်ဆွဲ ဆုံးဖြတ်ကြတာပဲ။ ဒါကြောင့်လည်း ကျွန်မတို့ဟာ ပိုးဖလံ တွေလို မီးကို တိုးရင်း သေခဲ့ကြတာပါ"*

ဟု ဆိုသည်။

❦ ♥ ❦

ရန်အောင် စာပေ

'အချစ်ဆိုတာ
ယောကျ်ားတွေအတွက်
တစ်စိတ်တစ်ပိုင်း ဖြစ်ပေမယ့်
မိန်းမသားတွေအတွက်တော့
တစ်ဘဝလုံးပါပဲ . . .'

ဘိုင်ရွန်

အပိုင်း
နှစ်
အချစ်အနုအရင့်
ထုဆစ်ကြည့်ခြင်း

ရန်အောင် စာပေ

'အချစ်ဆိုသည်ကား'

အချစ်ဆိုတာ ထူးခြားဆန်းပြားတဲ့ ခံစားမှုတစ်ခုလည်း ဖြစ်ရင်ဖြစ်မှာပါ။ ဘာဖြစ်လို့လဲဆိုရင် အထိအတွေ့က ခံစားမှုကို ကူးဆက်ပုံဖော်ခြင်းတွေ များပြားလာခြင်းဆိုလည်း မမှားပေ။

အချစ်နှင့်အတူ ပျော်ရွှင်ကြည်နူးခြင်းကို ခံစားရသလို၊ ဝမ်းနည်းပူဆွေးခြင်းကို ခံစားရမည်မှာ မမွှတာပင်။

ပျော်ရွှင်ကြည်နူးခြင်းကြောင့် လန်းဆန်းတက်ကြွရသလို၊ ဝမ်းနည်းပူဆွေးခြင်းကြောင့် ညှိုး

လျော် နှမ်းလျှရစမြဲပင်။

ထို့ကြောင့် . . .

အချို့က အချစ်ကို . . .

*"ဖန်တီးစွမ်းဆောင်နိုင်သူ"*

ဟု ဆိုသည်။

သို့သော် အချစ်ဟူသည် ခံစားမှုကို ဖော်ဆောင်ညွှန်ပြသူသာဖြစ်သည်။

ဤကဲ့သို့ပင် အချို့က . . .

*"အချစ်သည် ခံစားနားလည်မှု အနုအဂုဏ်အပေါ် မူတည်၍ မွမ်းမံဖန်တီးမှု မှ၍ရသည်"*

ဟု ဆိုသည်။

အချစ်နှင့်ပတ်သက်၍ အဓိကအကျဆုံးအပိုင်းသည် အချစ်ကို ပိုင်နိုင်စွာ ထိုးထွင်းသိမြင်နိုင်စွမ်းသာ ဖြစ်၏။

လောက၌ . . .

ရန်အောင် စာပေ

"အချစ်ကို နားလည်သူနှင့် အချစ်ကို နားလည်နိုင်စွမ်း မရှိသူ" ဟု ရှိသည်။

အချစ်ကို နားလည်သူသည် အချစ်ကို ပိုင်စိုးနိုင်စွမ်းရှိပြီး၊ အချစ်ကို နားမလည်သူသည် အချစ်ကို ဆုံးရှုံး ရစမြဲပင်။

အရေးကြီးဆုံးသော အချက်မှာ . . .

*အချစ်ဟူသည် ဒေါသ မဟုတ်။*

*အချစ်ဟူသည် မောဟ မဟုတ်။*

ဤကဲ့သို့ပင် . . .

*အချစ်ကို ဟန်ဆောင်၍ မရ။*

*အချစ်ကို အတုအပ လုပ်၍မရ။*

ဟု လူတိုင်း နားလည်ထားသင့်သည်။

(၁၁)

**'အချစ်ကို ချေဖျက်သည့် အကြောင်းတရားများ'**

အကယ်၍ သင်သည် အချစ်ကို "အနှစ်မရှိပါ" ဟု ဆိုလျှင် အမှားကြီး မှားပေလိမ့်မည်။ ကြက်ဥ ဘဲဥတွင် အနှစ် အကာ ရှိသလို၊ အချစ်တွင်လည်း အနှစ်နှင့်အကာ ရှိသည်။

လောက၌ အနှစ်မရှိသော အချစ်များ ဖြစ်တည်ခဲ့ သည်မှာ အကြောင်းမဲ့ မဟုတ်။ အကြောင်းတရားများ ရှိနေခဲ့ ၏။ အချစ်ကို ပေါ့ပေါ့တွေးလျှင် ပေါ့ပေါ့တွေးသလို ပျက်ပြယ် တတ်သည်မှာ ဓမ္မတာဖြစ်သည်။

ပညာရှိများက . . .

*"အချစ်ကိုစွဲဆိုတာ မှန်ကြည့်ရသလိုပဲ။ မေတ္တာပေးမှ မေတ္တာရတာ"*

ဟု ဆိုခဲ့သည်ကို မှတ်သားရဖူးသည်။

အချို့က မေတ္တာကိုလိုသော်လည်း၊ အချစ်ကို လိုသော်လည်း အချစ်ကို ဖန်တီးတတ်ခြင်း မရှိ။

အချို့က . . .

*"အချစ်ဆိုတာ၊ မေတ္တာဆိုတာ ဖန်တီးယူလို့ မရပါဘူး"*

ဟု ဆိုကြသည်။ ဤစကားသည် မှန်သင့်သလောက် မှန်ကန်သော်လည်း လုံးဝမှန်ကန်သော စကားတစ်ခုကား မဟုတ်ချေ။

အဘယ့်ကြောင့်ဆိုသော် တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင် ချစ်ခင်လာစေရန်၊ ဖန်တီးယူရန် ခက်ခဲသော်လည်း၊ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာ မေတ္တာမျှလာပြီးသည့်နောက်တွင်မှ တစ်ဦးကိုတစ်ဦး အသည်းနှင့် စွဲချစ်လာအောင် ဖန်တီးယူ၍မှ ရနိုင်သည်ဟု ဆိုရလေမည်။

အထူးသဖြင့် ယောကျာ်းများအဖို့ မိန်းမများ စွဲလန်း

ချစ်ခင်လာစေရန် ဖန်တီးစွမ်းဆောင်လို့ရသည်။ အကြောင်းကို ဆိုသော် မိန်းမများသည် ယောကျ်ားများထက် စွဲလန်းချစ်ခင် တတ်သောကြောင့် ဖြစ်၏။ ။

လူကြီးသူမများက . . .

"မိန်းမတို့သည် ယုံလွယ်ကြသည်။ သာယာတတ်သည်"

ဟု ဆိုမိန့်သည့်စကားတစ်ခုကို လူတိုင်း ကြားဖူးပေ လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် မိန်းမတို့သည် ခံစားသာ ယာတတ်သကဲ့သို့၊ ကိုယ်မြတ်နိုးချစ်ခင်သူအပေါ် ယုံလွယ် တတ်သောကြောင့် ဖြစ်သည်။

"မိန်းမတွေဟာ ကိုယ်မြတ်နိုးချစ်ခင်သူအပေါ်မှာ ယုံကြည် ကိုးစားလာပြီဆိုရင်၊ ဘဝအတွက် တန်ဘိုးအထားဆုံးအရာ ကိုတောင် ရက်ရက်ရောရော ပေးကမ်းတတ်တယ်"

ဤကား အမျိုးသမီးတစ်ဦး၏ ရင်ဖွင့် ပြောဆိုချက်ပင်။

သူ့စကားကို နားထောင်ရင်း ဖြစ်စဉ်တစ်ခုကို အမှတ်ရမိပြန်၏။

တစ်ခါက ချစ်သူကို ယုံ၍ ပုံခဲ့သည့် မိန်းကလေးတစ်ဦးနှင့် ဆုံစည်းဖူးသည်။ အမည်သည် အဖြစ်အပျက်လောက် အရေးမပါသဖြင့်၊ အမည်ကို မဖော်ပြတော့ပါ။

သူသည် သူ၏ချစ်သူကို အသည်းနှင့်အောင် ချစ်ခဲ့သည်။ ချစ်သူကို ချစ်လွန်းသဖြင့် ချစ်သူအတွက် အရာရာကို စွန့်လွှတ်ရန် စဉ်းစားခဲ့သည်။

ချစ်သူအလိုကို လိုက်ခဲ့သည်။

သည်အတွက်ကြောင့် သူ့ဘဝ ရေတိမ်နစ်ရသည်။ ချစ်သူ၏ဆန္ဒကို လိုက်လျောရင်း၊ ရင်သွေးကို ရင်ဝယ်လွယ်ပိုက်ရသည့်အခါ ချစ်သူ၏ စွန့်ပယ်ခြင်းကို ခံခဲ့ရသည်။

*"အချစ်ကို ယုံလို့ ပုံခဲ့တာက မင်းအမှားပဲ"*

သူ့ကို ဆိုသောအခါ သူ နာကျင်စွာ ပြုံးသည်။

ရန်အောင် စာပေ

"ကျွန်မချစ်သူကို ကျွန်မ ယုံကြည်ကိုးစားခဲ့တာ ကျွန်မ အပြစ်လား။ အချစ်ဆိုတာ စွန့်လွှတ်ခြင်း မဟုတ်လား"

"အခု မင်းကို စွန့်လွှတ်ကျောခိုင်းသွားတော့ ဘဝခရီးကို မင်း ဘယ်လိုခရီးဆက်မယ် စိတ်ကူးလဲ"

သည်တော့လည်း သူ့မျက်နှာ တည်ကြည်လာသည်။

"ကျွန်မဘဝက ဂုဏ်တန်းက ဂုဏ်ရမယ့် အပြစ်မဟုတ်ဖူးလေ။ ဝမ်းနည်းကြေကွဲခြင်းနဲ့ ဘဝကို အရှုံးပေးတာ သတ္တိမဟုတ်ဘူး။ ကျွန်မ သူ့ကို ချစ်လို့ ယုံခဲ့တယ်၊ ယုံခဲ့တယ်။ ဒါဟာ ကျွန်မရဲ့ အချစ်နဲ့ စေတနာပဲ မဟုတ်လား။ ဒါကို တန်ဘိုးထားခြင်း၊ မထားခြင်းက သူ့အပိုင်းလေ။ သူဟာ တာဝန်မသိလို့၊ တာဝန်ပျက်ကွက်ခဲ့ပေမယ့် ကျွန်မအနေနဲ့ တာဝန်ပျက်သူ အပြစ်မခံနိုင်ဘူး"

"ဒီတော့ . . . "

"ကျွန်မ မိန်းမကောင်းပီသစွာ၊ မိခင်ကောင်းပီသစွာ ရင်

*ဈေးကို မွှေးရမယ်။ သားကို သူ့အဖေကို ပေးကျွေးမပြီသ သူ မပြစ်အောင် စွမ်းဆောင်ရမယ်၊ မြှုပ်နှံရမယ်။ ဒါဟာ ကျွန်မ အချစ်ပဲ”*

သူ့စကားနားထောင်ရင်း ကျွန်တော် ကြက်သီးမွေးညှင်း ထသွားရ၏။ သူက မိန်းမကောင်းပင်။

သူတို့အကြောင်းကို တွေးမိတော့ သံဝေဂ ရမိသလို၊ ဆင်ခြင်သုံးသပ်မိပြန်သည်။ သူတို့၏ အကျည်းတန်ဘဝတွင် ကြီးမားရသော အမှားက ယုံကြည်မှုဟု ဆိုနိုင်သလို၊ ပူလောင်သော တဏှာချစ်တို့ ပူးကပ်ခြင်းဟု နားလည်ရမည်။

စင်စစ် ဤကား ဖြူစင်ရှင်သန်သည့် အချစ်ကို အကြောင်းတရားပေါင်းများစွာမှ အကြောင်းတရားအချို့ဟု ဆိုလျှင်လည်း မမှားချေ။

သူက . . .

*“အချစ်ကို ချေဖျက်တဲ့ အကြောင်းတရားပေါင်း များစွာထဲမှာ မာန်မာနနဲ့ အတ္တတွေပါတယ်လို့ အချို့က ပြောကြ*

ရန်အောင် ဘာဝေ

*တယ်။ ဒီဟာကော ဘယ့်နှယ်လဲ"*

ဟု မေးသည်။

သည်အမေးနှင့်အတူ အဖြေများစွာကို စဉ်းစားမိပြန်၏။

စင်စစ်မူ ချစ်ခြင်းနှင့် အတ္တ မာန်မာန တစ်သီးတစ်ခြားဟုထင်စရာရှိနေသော်လည်း၊ ခိုင်ကျဉ်စွာ အမှီအတွယ်ပြုနေသည်ဟု ဆိုနိုင်သည်။ ပြောရလျှင် ချစ်ခြင်းသည် အဖြူရောင် ဖြစ်ပြီး၊ အတ္တ မာန်မာနသည် အရောင်အသွေး ဖြစ်နေသောကြောင့်တည်း။ ။

**‘အတ္တ’**

အတ္တသည် လူနှင့် ခွဲမရသော အကြောင်းတရားတစ်ခုပင်။ လူ၏ အဖြူရောင်ဘဝကို ဖျက်စီးသောအရာပေါင်း များစွာတွင် အတ္တသည် ရှေ့တန်းမှ ပါဝင်၏။ အတ္တသည် ပျက်စီးမှုကို ရေးရှု၏။

သို့သော် လူတို့သည် မိုက်မဲစွာ အတ္တကို မွေးမြူကြ၏။ အတ္တကြောင့် ပျက်စီးရမည်ကို မသိကြ။

ရန်ခအောင် စာဝေ

အတ္တသည် လူမှုရေးနယ်ပယ်တွင် ရှောင်ရှားအပ်သည့် အကြောင်းတစ်ခု ဖြစ်သလို၊ ချစ်ရေးချစ်ရာ ကိစ္စတွင် အတ္တကျူးလာလျှင် အမှားကို ကြုံရတတ်သလို၊ သောကပင်လယ် ဝေရတတ်၏။

*"ငါ့ကသာ သူ့ကို အသက်လောက်ချစ်တာ၊ သူ ငါ့ကို ဒီလောက် မချစ်ပါဘူး"*

အတ္တကျူးသူသည် ဤအတွေးမျိုး တွေးတတ်၏။ ထိုအတ္တစိတ် ပူးကပ်ခံရသူက ကိုယ့်ကိုကိုယ်သာ အထင်ကြီးပြီး၊ တစ်ဘက်ကို အထင်သေးတတ်၏။

ယုံကြည်မှု လျော့နည်း၏။

သို့ဖြင့် အမုန်းစိတ် ဝင်လာတတ်၏။

ထိုအမုန်းစိတ်ကြောင့်ပင် အချစ်စိတ် ပျက်ပြယ်တတ်၏။ ။

## 'မာန်မာန'

မာန်မာနသည် အတ္တစိတ်နောက်တွင် ကပ်ပါလာတတ်သော အကြောင်းအရာ တစ်မျိုးဖြစ်၏။

ထိုစိတ်သည် ကိုယ်ကိုကိုယ် အထင်ကြီး တတ်သလို၊ တစ်ဘက်ကို အထင်သေးတတ်၏။ ချစ်သူဘဝ၊ အိမ်ထောင်ရှင်ဘဝတွင် မထားသင့်သော စိတ်ဖြစ်၏။

ထိုစိတ်ကြောင့် ချစ်ရာမှ မုန်းတတ်သလို၊ မုန်းရာမှ ကွေကွင်းပျက်စီးတတ်၏။ ။

## (၂)

## 'အချစ်ကို စွဲသောနည်း'

*"တစ်ဦးကိုတစ်ဦး စွဲစွဲလန်းလန်း ချစ်လာအောင် လုပ်လို့ ရလား ဆရာ"*

ဟု ကျွန်တော့်ကို လူငယ် ပရိသတ်တစ်ဦးက မေးဖူးသည်။ သူ့အမေးသည် မေးသင့်သည့် မေးခွန်းတစ်ခုပင်။

ဤမေးခွန်းနှင့်အတူ အဖြေလည်းရှိသည်ဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် အချစ်ကို ဖန်တီးယူ၍ မရနိုင်စေကာမူ၊ တစ်ဦးကိုတစ်ဦး ချစ်လာပြီးသည့်နောက်ပိုင်းတွင်မူ

ခွဲခွဲလန်းလန်း ချစ်လာစေရန်မှ ဖန်တီးယူလို့ ရစေသည်ဟု ဆိုရမည်။

ဤကား "အချစ်ကို စွဲစေသောနည်းများ" ဟု ဆိုလျှင် မမှားချေ။ ထိုနည်းများကား . . . ။

**(၁) 'ယောကျ်ားလေးတို့၏ အချစ်ကို စွဲစေသောနည်း'**

လောက၌ လူတိုင်းသည် အချစ်ကို သိကြသော်လည်း၊ တစ်ဦးကိုတစ်ဦး ခွဲခွဲလန်းလန်း ချစ်လာစေရန်နည်းကိုကား မသိကြချေ။

မိန်းကလေးများသည်လည်း ယောကျ်ားလေးတို့ မိမိကို ခွဲခွဲလန်းလန်း ချစ်လာစေရန်နည်းကို သိသူနည်း၏။ ဤသို့ မသိကြသဖြင့်လည်း သက်ဆုံးတိုင် မချစ်လိုက်ရဘဲ၊ တစ်ဝက်ကျိုးလမ်းတွင် အချစ်လမ်းခွဲခံရ၏။

တစ်ခါက မိန်းကလေးတစ်ဦးက . . .

*"ကျွန်မအမျိုးသား ကျွန်မကို ခွဲခွဲလန်းလန်း ချစ်လာအောင် ဘယ်လိုလုပ်သင့်လဲ ဆရာ"*

ဟု မေးသည်။

ရန်အောင် စာပေ

စင်စစ်မှ ဤမေးခွန်းမေးသူသည် စွဲအောင်ချစ်နည်းကို မသိသလို၊ မစူးစမ်းသူဟုလည်း ပြောရ၏။ သူ့အမေးကို နားထောင်ရင်း မိန်းမတစ်ဦး ပြောသည့်စကားတစ်ခုကို သတိရမိသည်။

*"ကိုယ့်ကို စွဲလန်းတပ်မက်စေချင်ရင်၊ ကိုယ်ကလည်း စွဲလန်းတပ်မက်အောင် လုပ်တတ်ဖို့ လိုတယ်"*

ဟု ပြောဖူးသည်။ သူက ပြောသလို ထူးသည့် မိန်းမတစ်ဦးပင်။ သူက ချစ်သူခင်သူတိုင်း စွဲလန်းသူတည်း။ သူ၏ စကားများက မှတ်သားဖွယ်ပင်။

**(က) 'ယောကျ်ားသည် ကလေးနှင့်တူ၏'**

ယောကျ်ားတို့သည် အသက်မည်မျှကြီးသူဖြစ်စေ၊ ကလေးနှင့် တူကြသည်။ ယုယမှုကို ကြိုက်သည်။ ကလေးများက လက်သာရာကို ခင်တွယ်တတ်သလို၊ ယောကျ်ားများသည် ယုယပြုစုသူကို နှစ်သက်စွဲလန်းကြသည်။

(ခ) 'ယောကျ်ားသည် ဦးဆောင်သူ ဖြစ်လိုၓ'

ယောကျ်ားတို့သည် သဘာဝတရားအရ ဦးဆောင်သူများဖြစ်၏။ ထို့ကြောင့် ဦးစားပေးသည်ကို နှစ်သက်မြတ်နိုးကြသည်။ အမြဲတမ်း ရှေ့တန်းတင်သည်ကို ကြိုက်သည်။

ထို့ကြောင့် မိန်းကလေးတို့သည် မိမိချစ်သူကို နွဲ့ဆိုး ဆိုးချင် ဆိုးပါ။ ဆရာမလုပ်ပါနှင့်။ ဦးမဆောင်ပါနှင့်။ မမြဲတမ်းရှေ့တန်းတင်ဦးစားပေးပါ။

ခရီးဦးကြိုပြုပါ။

အရေးပေးပါ။

(ဂ) 'မိမိက သစ္စာရှင် ဖြစ်ပါစေ'

အချို့မိန်းမများက အရွဲ့တိုက်တတ်၏။ ချစ်သူက သစ္စာပျက်ယွင်းသလို ရှိလာလျှင်၊ မခံချင်စိတ်နှင့် ပြိုင်ချင်ကြသည်။ ဤသို့ပြုလျှင် မှားပေလိမ့်မည်။

တစ်ဘက်မှ သစ္စာပျက်သော်လည်း ကိုယ့်ဘက်က သစ္စာမပျက်ပါစေနှင့်။ သစ္စာမေတ္တာနှင့် အနိုင်ယူပါ။

အဘယ့်ကြောင့်ဆိုသော် ယောကျ်ားတို့သည် ကိုယ်တိုင်သစ္စာ ပျက်တတ်သော်လည်း၊ ကိုယ့်ချစ်သူကို သစ္စာရှင်ဖြစ်မှ မြတ်နိုးတတ်သူများ ဖြစ်သောကြောင့်တည်း။

(၂) **'မိန်းမတို့၏ အချစ်ကို ရွဲစေသောနည်း'**

မိမိချစ်သူ မိန်းကလေးတစ်ဦး မိမိကို စွဲလန်းစေရန်အတွက် ယောကျ်ားတို့သည် မိန်းမသားတို့သဘာဝကို သိထားရန် လိုအပ်သည်။

အထူးသဖြင့် မိန်းကလေးတို့သည် အားနွဲ့သူ ဖြစ်သဖြင့်၊ အားငယ်တတ်သည်ကို လည်းကောင်း၊ အမှီအတွယ်ပြုတတ်သည်ကို လည်းကောင်း သိထားရန် လိုအပ်သည်။

မိန်းကလေးတို့ မိမိအား စွဲစွဲလန်းလန်း ချစ်လာရန်နည်းများကား . . .

(က) **'ယုယကြင်နာမှု ပေးပါ'**

မိန်းကလေးတို့သည် အားငယ်သူများ ဖြစ်သဖြင့်၊ ယုယကြင်နာတတ်သူကို မက်မောတွယ်တာ

ကြသည်။ သို့ကြောင့် မိမိချစ်သူအား ယုယကြင်နာမှု ပေးရန် လိုသည်။

စိုးရိမ်ကြင်နာမှုများ ပြပါ။

*"အချစ် နေမကောင်းဘူးလား"*

*"ဪ အိပ်ပျက်မခံနဲ့နော်"*

ဂရုတစိုက် စကားပြောပါ။

အကယ်၍ သွားရင်းလာရင်း ဘတ်စ်ကား စီးလျှင် အဆင်းအတက်ကို ဖေးတွဲကူညီပါ။ ရေအိုင်များ၊ မြောင်းငယ်များ ကူးလျှင် ယုယစွာ ဆွဲကိုင်ကူးပါ။

*"မောင့်လက် ကိုင်ထားနော်။ ဒီနေ့ဂျာကာ ချော်တယ်"*

ဟု ပြောတတ်ပါစေ။

သူ နေမကောင်းနေလျှင် စိုးရိမ်မှုပြပါ။

(ခ) 'ဂုဏ်ရက် နေ့ပြုပါ'

ချစ်သူဘဝတွင် ချစ်သူမိန်းကလေး၏ မွေးနေ့၊ မွေးရက်ကို သိရန် လိုအပ်သလို၊ အိမ်ထောင်သည်ဘဝတွင် အိမ်ထောင်ဦးရက်ကို အမြဲ အမှတ်ရနေပါစေ။

ထိုနေ့များတွင် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးပါ။

ချစ်သူဘဝတွင် . . .

*" . . . နေ့က အချစ်မွေးနေ့လေး ဒါက မောင့်ရဲ့ မွေးနေ့လက်ဆောင်"*

ဟု အမှတ်တရ ပြောပါ။ လက်စွပ် (သို့မဟုတ်) နာရီ တစ်ခုခုပေးလျှင် ကိုယ်တိုင်ဝတ်ပေးပါ။

အိမ်ထောင်သည်ဘဝတွင် . . .

*"ဒီနေ့က မောင်တို့အိမ်ထောင်သက် (      ) ပြည့်တဲ့နေ့လေး မောင့်အချစ်အတွက် မောင့်ချစ်လက်ဆောင်"*

ဟု ပြော၍ ပေးပါ။

ထိုနေ့များတွင် ချစ်သူမိန်းကလေးအတွက်

အချိန်ပေးပါ။ သူချစ်တတ်သည့်အရာများအား မိမိ မနှစ်သက်သော်လည်း၊ နှစ်သက်ဟန် ပြပါ။

စင်စစ်မူ ချစ်သူဘဝ၊ အိမ်ထောင်သည် ဘဝများတွင် တစ်ဦးသဘောတစ်ဦး လိုက်လျော ခြင်း၊ ယုယကြင်နာခြင်းသည် အချစ်ကို စွဲစေသော နည်းများတည်း။

## (၁၃)

## 'အချစ် လျှို့ဝှက်ချက်များ'

*"အရာရာမှာ လျှို့ဝှက်ချက်တွေ ရှိတယ်"*
ဟု ပညာရှိများက ဆိုမိန့်ခဲ့သည်။

မှန်သည်။ အရာရာမှာ လျှို့ဝှက်ချက်ရှိတယ်။ အချစ်မှာလည်း လျှို့ဝှက်ချက်တွေ ရှိနေသည်။ ထိုလျှို့ဝှက်ချက်ရှိမှုများအနက် အချစ်လျှို့ဝှက်ချက်များက ပို၍ နက်နဲသည်ဟု ဆိုရချေမည်။

သို့သော် "အချစ်လျှို့ဝှက်ချက်များ" ကို သရုပ်ခွဲ

ကြည့်လျှင်မူ များများစားစား မရှိ။

နှစ်မျိုးနှစ်စားတည်းသာ ရှိသည်ဟု ဆိုရမည်။ ယင်းတို့ကား . . .

*၁။ ချစ်သူဘဝ လျှို့ဝှက်ချက်။*

*၂။ အိမ်ထောင်သည်ဘဝ လျှို့ဝှက်ချက်။*

စသည်တို့ ဖြစ်သည်။

အချို့က အိမ်ထောင်သည်ဘဝတွင် အချစ်သည် အရေးမပါဟု လည်းကောင်း၊ ကျင့်ဝတ်တာဝန် ကျေပွန်ဖို့သာ လိုသည်ဟု လည်းကောင်း ဆိုကြသည်။

စင်စစ် ဤအယူအဆသည် မမှန်ကန်ချေ။ အိမ်ထောင်ရေးဘဝတွင်လည်း "အချစ် အရေးပါသည်" ဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် အချစ်သည် အိမ်ထောင်ခိုင်မြဲရေးကို ကျောထောက်နောက်ခံ ပြုနေသောကြောင့် ဖြစ်သတည်း။

❀ ♥ ❀

ရန်အောင် စာပေ

အချစ်၏ လျှို့ဝှက်ချက်များသည် နက်နဲခက်ခဲသလို၊ သိသင့်သိထိုက်သော အကြောင်းများ ဖြစ်သည်။ အချစ်၏ လျှို့ဝှက်ချက်များကို သိရှိခြင်းဖြင့်၊ အေးမြငြိမ်းချမ်းမှုကို ရရှိနိုင်သည်။

ထို့အတူ အချစ်၏ လျှို့ဝှက်ချက်များကို သိရှိ နားလည်ခြင်း မရှိသဖြင့်၊ ပူလောင်ပြင်းထန်မှုကို ခံစားရမည် ဖြစ်သည်။

အချစ်၏ လျှို့ဝှက်ချက်များကား . . . ။

**(၁) 'ချစ်သူ့အဝ လျှို့ဝှက်ချက်'**

အချစ်သည် နူးညံ့သိမ်မွေ့သော အရာဖြစ်သည်။ အချစ်သည် နူးညံ့သိမ်မွေ့သလောက်၊ ပူလောင်ထန်ပြင်းမှုကို ခံစားရစမြဲပင်။

*"အချစ်ဟာ နက်နဲတယ်။ အချစ်မှာ လျှို့ဝှက်ချက်တွေ ရှိနေတယ်။ ဒါတွေဟာ သိရှိနားလည်မှ ငြိမ်းချမ်းမှုကို ရရှိနိုင်မယ်"*

ဟု ဆိုသည်။ အချို့က အချစ်ကို ပေါ့ပေါ့

တွေးကြသည်။ ချစ်ဖို့သာသိပြီး၊ အချစ်သဘောကို စောကြောခြင်း မပြုကြ။ တစ်ဦးကိုတစ်ဦး ချစ်သည် ဆိုလျှင် ပြီးပြီဟု ထင်ကြသည်။

စင်စစ်မူ မဟုတ်။

ချစ်မိပြီဆိုလျှင် အချစ်၏ နက်နဲမှုကို စောကြောသင့်သည်။ တစ်ဦးကိုတစ်ဦး ချစ်သည်ဟု ဆိုသည်နှင့်၊ အချစ်သည် ပြည့်စုံသည်မဟုတ်။ တစ်ဦးကိုတစ်ဦး ချစ်ခဲ့ပြီးသည့်နောက် သောကဝေရသည်မှာ အချစ်၏ လျှို့ဝှက်ချက်ဟု ဆိုရမည်။

မှန်သည်။ ချစ်ကြပြီးသည့်နောက် အချစ်နိုင်မြဲမှု၊ အချစ်သာယာမှုကို မရရှိခြင်းသည် အချစ်၏ လျှို့ဝှက်ချက်ကို မသိခြင်းကြောင့်ပင်။

အချစ် သာယာခိုင်မြဲခြင်းသည် အချစ်၏ လျှို့ဝှက်ချက်သာ ဖြစ်၏။

ထို့ကြောင့် . . .

*"အချစ်၏ လျှို့ဝှက်ချက်သည် အဘယ်နည်း"*

ဟု မေးကြသည်။

စင်စစ်မူ . . .

*"အချစ်ဟူသည် ထူးခြားဆန်းပြားသည့် ခံစားမှု ပြယုဂ်"*

ဟု ဆိုရမည်။

ပညာရှိများက . . .

*"အချစ်ဆိုသည်မှာ တစ်ဦးကိုတစ်ဦး ခွဲမ ခွာ မှတ်နိုးခြင်း"*

ဟု ဆိုကြသည်။

ထို့အတူ အချို့က . . .

*"တစ်ဦး၏ နှလုံးသားကို တစ်ဦးက ထိုးဖောက် သိမြင်ခြင်း"*

ဟု ဆိုကြသည်။ အချစ်သည် တစ်ဦးကို တစ်ဦး နားလည်ခြင်း၊ ယုယကြင်နာခြင်း ဟု ဆိုသော်လည်း သဘောက နက်နဲလှသည်။

အဘယ့်ကြောင့်ဆိုသော် အချစ်တွင် နားလည်မှု လွဲမှားသဖြင့်၊ သောကဝေရတတ်သလို၊ ယု

ယကြင်နာမှု ပိုသဖြင့်၊ အမှားဖြစ်ရသည်လည်းရှိ၏။

တစ်ခါက အနောက်တိုင်းမဂ္ဂဇင်းတစ်ခု တွင် စာရေးသူ အချစ်နှင့်ပတ်သက်သည့် စာတစ်ပုဒ် ကို ဖတ်ရဖူး၏။

*"အချစ်ဆိုတာ ချိုနှဲသနားလည်းခြင်းပဲ။ ခွဲလန်းမှုဟာ သောကဖြစ်စေသလို၊ ခံစားနာမှုပိုမိုပို့လည်း ရိုတယ်"*

ဟု ဖြစ်သည်။

မှန်တော့မှန်သည်။ အချစ်ပိုခဲ့သဖြင့် သောက ပိုခဲ့ရသူများ၊ ခွဲလန်းသဖြင့် အသည်းကျွမ်း ရသူများလည်း လောကတွင် ဒုနှင့်ဒေး ရှိနေသည် ပင်။

ထို့ကြောင့် အချစ်ကို ထွေးဖက်သူတိုင်း အချစ်သည် ထာဝရပန်းလို မမွှေး၊ စမ်းလို မအေး ကြောင်းကို နားလည်ထားရမည် ဖြစ်၏။

ရန်အောင် စာပေ

## (၂) 'အိမ်ထောင်သည်ဘဝ လျှို့ဝှက်ချက်များ'

*"အိမ်ထောင်သည်ဘဝမှာ တာဝန်နဲ့ ကျင့်ဝတ် ညီမျှ နေနိုင်ဖို့ အဓိက ကျတယ်"*

ဟု လူအများက ဆိုကြသည်။

ဤကား "အရှေ့တိုင်း အယူအဆ" ဟု ဆိုရမည်လား မသိ။ အရှေ့တိုင်းသူတို့က မိန်းမ တစ်ယောက် အိမ်ထောင်ကျပြီ ဆိုသည်နှင့် လင့် တာဝန်ကို အဓိကထားရမည်။

မီးဖိုချောင် သချိုင်းတွင် ဘဝကို မြှုပ်နှံလိုက် ရပြီဟု ယူဆကြသည်။

လင့်တာဝန်၊ အိမ်ထောင်ရေး တာဝန် ကျေ ပွန်သူကို "မိန်းမကောင်း မိန်းမမြတ်" ဟု ယူဆကြ သည်။

ထို့အတူ မိန်းကလေးများသည် ဤအ ချက်ကို အဓိက ထားပြီး၊ အိမ်ထောင်သည်ဘဝတွင် မယားဝတ္တရား ငါးပါး ကျေပွန်လျှင် ပြီးပြီဟု ယူဆ ကြသည်။

ဤအချက်သည် ယဉ်ကျေးမှုအရ ကောင်းမြတ်သော အချက်တစ်ခု ဖြစ်သည်မှာ မှန်ကန်ပါသော်လည်း၊ ဤအချက်တစ်ခုတည်းနှင့် အိမ်ထောင်သာယာ ခိုင်မြဲမှု ရနိုင်မည်မဟုတ်ဟု ယူဆမိသည်။

အဘယ့်ကြောင့်ဆိုသော် အိမ်ထောင်သည် ဘဝတွင်လည်း ချစ်ခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့်ပင်။

မှန်သည်။ အချစ်သည် အိမ်ထောင်သည် ဘဝတွင် အဓိကအခန်းမှ ပါဝင်နေသည်ဟု ဆိုရမည်။ တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးမှုဖြင့် အိမ်ထောင်တစ်ခုကို တည်ဆောက်ခဲ့သည် မှန်ပါသော်လည်း၊ အိမ်ထောင်သည်ဘဝတွင် တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးမှု ကင်းမဲ့နေလျှင်၊ အိမ်ထောင်သာယာမှုနှင့် အိမ်ထောင်ခိုင်မြဲမှုကို ရနိုင်မည်မဟုတ်ချေ။

ထို့ကြောင့် အချစ်သည် အိမ်ထောင်ရေးတွင်လည်း ခိုင်ကျဉ်သောအရာအဖြစ် တည်ရှိနေသည်ကို အားလုံး သိထားရမည် ဖြစ်သည်။ ။

စာရေးသူ မှတ်မိနေသေးသည်။

မကြာမြင့်သေးမီ ကာလက မိမိအား ပရိသတ်တစ်ဦး က . . .

*"ကျွန်တော်ဟာ အရင်က ကိုယ်တော်သည်ဘဝ ရောက်ရင်၊ အချစ်ဟာ မွေးမြူတွေးပက်ရမဲ့အရာ မဟုတ်ဘူးလို့ ထင်ခဲ့တယ်။ ခုတော့ ဒီအတွေးဟာ မှားယွင်းတဲ့ အတွေးဆိုတာ ကျွန်တော် သိလာရတယ်"*

ဟု ညည်းညည်းညူညူ ပြောခဲ့သည်။

သည်စကားသည် သူ၏ ခံစားချက် ဖော်ညွှန်းမှုဟု ကျွန်တော် နားလည်သည်။

*"ခင်ဗျားတို့နှစ်ဦးဟာ ချစ်သူဘဝက တစ်ဦးကိုတစ်ဦး သိပ်ချစ်ကြသူတွေ မဟုတ်လား"*

ကျွန်တော် မေးရသည်။

*"မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နှစ်ဦး နှစ်ဦး သဘောတူ လက်ထပ်ပြီးတဲ့နောက်ပိုင်း၊ ကိုယ်တော်ရေး ဘဝလှပဖို့ပဲ ဦးတည်ခဲ့တယ်။ ကျွန်တော်က စီးပွားရေးထဲ*

နစ်နေသလို၊ သူကလည်း အိမ်ထောင့်တာဝန်ဆိုတဲ့ နွံထဲမှာ နစ်နေခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး ကြည်ကြည်နူးနူး ချစ်ခင်ဖို့ သတိမရခဲ့ဘူး"

"ဒီတော့ ခင်ဗျားတို့ ဘယ်လိုခံစားရလဲ"

သူက နွမ်းနယ်စွာ ပြုံးသည်။

"ခံစားမှုက ခါးသီးတယ်လို့ ဆိုရမယ် ဆရာ။ ခုတော့ ကျွန်တော်တို့မှာ မွန်းကြပ်မှုတွေ ဖြစ်တည်ပြီး၊ အိမ်ထောင်ရေးကို စိတ်ကုန်လာတယ်"

သူ့စကားအဆုံးတွင် ကျွန်တော် ခေါင်းညိတ်လိုက်မိ၏။ သူ့စကား၏ အနက်ကို ပီပြင်စွာ နားလည်လိုက်သောကြောင့် ဖြစ်၏။ ဤအချက်ကား အိမ်ထောင်သည်ဘဝတွင် စီးပွားရေး၊ လူမှုတာဝန်များကို ဦးစားပေးသည့်သူများ ခံစားရသည့် ခံစားချက်ဆိုလျှင်လည်း မမှားပေ။

ထိုသူများက . . .

"အိမ်ထောင်သည်ဘဝ၏ လျှို့ဝှက်ချက်ကို မသိသူ

များ" ဟု ဆိုရမည်။ ထိုသူများက အိမ်ထောင်သည်ဘဝတွင် အိမ်ထောင်သာယာရေး၊ နိုင်မြဲရေးအတွက် အချစ်လိုအပ်သည် ဟု မသိသူများပင်။

ထို့ကြောင့်လည်း အိမ်ထောင်သည်ဘဝတွင် အချစ်ကို မွေးမြူခြင်းလည်း မပြုကြ။ ထိုအချစ်မရှိသဖြင့် အိမ်ထောင်ရေးသည် ခြောက်သွေ့ခဲ့၏။ သာယာမှု မရှိ။

ယင်းသမို့ အိမ်ထောင်သည်ဘဝတွင်လည်း အချစ်သည် အရေးပါသည်ကို လူတိုင်း သိထားသင့်သည်ဟု ဆိုရမည်။

(၁၄)

## 'အချစ်သည် ဖိုင်အိုင်ခြင်းလော၊ ချင့်လွတ်ခြင်းလော'

အချစ်ကို စူးစမ်းလေ့လာလျှင် အချစ်တွင် အငြင်းပွားဖွယ် ပြဿနာတစ်ခု ရှိခဲ့သည်။ ထိုပြဿနာက အခြားမဟုတ်။

ယနေ့ လူအတော်များများသည်အချစ်ကို စူးနစ်စွာ ခံစားခဲ့ကြသော်လည်း၊ အများစုသည် အချစ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပိုင်နိုင်စွာ မသိကြ။

အချို့က . . .

အချစ်သည် "ပိုင်ဆိုင်ခြင်း" ဟု ဆို၏။

အချို့က . . .

အချစ်သည် "ခွင့်လွှတ်ခြင်း" ဟု ဆို၏။

လူတို့သည် ကိုယ့်အယူအဆနှင့်ကိုယ် အချစ်ကို အမျိုးမျိုး ဖွင့်ဆိုကြသော်လည်း၊ တိကျသော အဖြေသည် ပေါ်ပေါက်ခြင်း မရှိသေး။

တစ်ခါတစ်ရံတွင် အချစ်သည် "ပိုင်ဆိုင်ခြင်း" ဖြစ်သော်လည်း၊ တစ်ခါတစ်ရံတွင် အချစ်သည် "ခွင့်လွှတ်ခြင်း" ဖြစ်နေသောကြောင့်တည်း။

တစ်စုံတစ်ယောက်သည် မိမိချစ်သူအား အသက်နဲ့ ထပ်တူ ချစ်နေသည် ဆိုပါစို့။

ထိုသူ၏ နှလုံးသားတွင် ချစ်သူအား ပိုင်ဆိုင်လိုစိတ် မှတပါး အခြားမရှိနိုင်။

ထိုသူ၏ အချစ်အဘိဓမ္မာမှာ "ပိုင်ဆိုင်ခြင်း" သာ

ဖြစ်လိမ့်မည်။

သို့တစေ တစ်စုံတစ်ယောက်သည် မိမိချစ်သူကို အသက်လောက် ချစ်သည်။ မိမိချစ်သူကလည်း မိမိကို အသက်လောက် ချစ်သည်။ သို့စဉ်လျက် ကိုယ်ကိုတိုင်က နံ့ချာသောဘဝကို ပိုင်ဆိုင်မည်။ အစွမ်းအစ မရှိ။

သို့သော် မိမိချစ်သူကို ချစ်သည့်စိတ် တစ်ခုတည်းနှင့် ပိုင်ဆိုင်ရန် ကြိုးစားခဲ့သည်။ ချစ်သူကို ပိုင်ဆိုင်ခဲ့ရသော်လည်း ပိုင်ဆိုင်မှုနောက်ပိုင်း ဒုက္ခသုက္ခများစွာ ကြုံတွေ့ရပြီး၊ ဘဝမလှ ဖြစ်ခဲ့ရသည်။

ဤသို့ဆိုလျှင် "အချစ်သည် ပိုင်ဆိုင်ခြင်း" ဟူသည် အဘိဓမ္မာသည် မှန်နိုင်ပါသလော။

❦ ♥ ❦

လူအတော်များများက . . .

*"အချစ်သည် ခွင့်လွှတ်ခြင်း"*

ဆိုသည့် အဘိဓမ္မာနှင့် ပတ်သက်၍ "ပျော့ညံ့သူတို့ သုံးစွဲသော အဘိဓမ္မာ" ဟု ဆိုကြသည်။ အချို့က "ချစ်တတ်သူတိုင်း၏ နှလုံးသားတွင် မကပ်ငြိသင့်သည့် အဘိဓမ္မာ"

ဟု ဆိုကြသည်။

အချို့က . . .

*"တကယ်ချစ်ရင် ကိုယ့်ချစ်သူကို ကိုယ်ပိုင်ဆိုင်အောင် ကြိုးစားရမယ်။ ခွင့်လွှတ်ခြင်းဟာ မကြိုးစားလိုသူတွေရဲ့ ဖြေသိမ့်စကားပဲ"*

ဟု ဖွင့်ဆိုကြသည်။

ဤအချက်သည် အမှားမဟုတ်သလို၊ အမှန်လည်း မဟုတ်ပေ။ တစ်ခု စဉ်းစားရမည်က အချစ်၏ အဓိကအချက်သည် "ချစ်သူဘဝ သာယာရေး" ဖြစ်၏။

အချစ်ဆန္ဒတစ်ခုတည်းနှင့် ပိုင်ဆိုင်မှုပြုခြင်းသည်လည်း အမှန်ဟု မဆိုသာ။ အဘယ့်ကြောင့်ဆိုသော် . . .

*"ဒုက္ခ အိမ်ရှေ့ပေါက်မှ ဝင်လာလျှင်၊ အချစ်သည် ပြတင်းပေါက်မှ ခုန်ဆင်းပြေး၏"*

ဟု စကားရှိ၏။

ထိုစကားသည် စဉ်းစားရမည့် စကားဖြစ်၏။

ရန်အောင် စာပေ

အနာဂတ်ကို ကြိုတင်မတွက်ဆဘဲ ချစ်သူကို ပိုင်ဆိုင်မှု ရရှိရန် ကြိုးစားခြင်းသည် "သောကကို ဖိတ်ခေါ်ခြင်း" ဟု ဆိုနိုင်၏။ ဒုက္ခ၊ သောက ယစ်ဖွဲ့လာသောအခါ အချစ်သည် ဖြစ်တည်နေနိုင်ပါမည်လား။

*"တူနှစ်ကိုယ် တဲအိုပျက်တွင် နေရ၊ ရွှေဘုံပေါ်တွင် ခံရ၊ ချစ်တာ ပဓာန"*

ဟူသော စကားသည် အမှန်တကယ်မှ စာစကားဟု ဆိုရမည်။ အချစ်ပဓာနဟူသော စကားများသည် အချစ်အတွက် တဲအိုပျက်မှာ နေနိုင်သော်လည်း၊ ထမင်းရည်မရက်နိုင်ပေ။

အချစ်ဆိုသည် ပိုင်ဆိုင်ခြင်းဆိုသည့် ခံယူချက် အဘိဓမ္မာနှင့် ပတ်သက်၍ လူအများက နန်းစွန့်ဘုရင် အက်ဒဝပ်နှင့် မစ္စက် ဆင်မဆင်တို့ကို ဖော်ညွှန်းကြသည်။

အချစ် အဘိဓမ္မာတွင် ပိုင်ဆိုင်ခြင်းသည်သာ အဓိက

ဖြစ်ကြောင်းနှင့် သူတို့ကို သက်သေပြကြသည်။ ဤအချက်သည် အမှန်ဟု ယူဆရမည်လော။

အက်ဒဝပ် အချစ်အတွက် အရာရာ စွန့်လွှတ်ခဲ့သည်မှာ အချစ်သာ ပဓာန ခံယူသည်မှာ အကြောင်းမဟုတ်။ အက်ဒဝပ်သည် ဗြိတိသျှနိုင်ငံတော်၏ ဘုရင်မဖြစ်ခဲ့သော်လည်း၊ မြို့စားကြီးဖြစ်ခဲ့သည်။ စည်းစိမ်ဥစ္စာ ပြည့်စုံခဲ့သည်။

ပိုင်ဆိုင်မှုကို အဓိကထားခဲ့သဖြင့် စွန့်လွှတ်လိုက်ရသော်လည်း၊ ပြဿနာ မရှိ။ တစ်သက်တာလုံး မပူမပင် မကြောင့်မကြ နေနိုင်သည်။

ထို့ကြောင့် သူတို့က . . .

*"အချစ်သည် ပိုင်ဆိုင်ခြင်း၊ ချစ်တာသာ ပဓာန"*

ဟု ပြောကြသည်မှာ မဆန်းကျယ်ချေ။ ပိုင်ဆိုင်မှုအတွက် တစ်ခုကို စွန့်လွှတ်လိုက်ရသော်လည်း၊ ပူပင်သောကသည် လည်းကောင်း၊ ဒုက္ခသည် လည်းကောင်း မရှိ။

သို့သော် တစ်စုံတစ်ယောက်သည် "ချစ်ခြင်းဟူသည် ပိုင်ဆိုင်ခြင်း" ဟူသော ခံယူချက်အတိုင်း၊ မည်သည့်အခြေအနေကိုမှ မစူးစမ်းဘဲ၊ ပိုင်ဆိုင်ရန် တစ်ခုတည်းကိုသာ နှလုံး

သားတွင် တည်ရှိစေပြီး၊ ပိုင်ဆိုင်ရန် ကြိုးစားခဲ့သည်။

ယင်းသို့ ပိုင်ဆိုင်ရန် ကြိုးစားခဲ့ပြီးသည့်နောက် ဒုက္ခ သုက္ခ သောကဗျာပါဒ ထုံရစ်နေမည်ဆိုလျှင်၊ ပျော်ရွှင်မှု မည်သည်သို့ ဖြစ်နိုင်မည်နည်း။

*"သောက ဒုက္ခ ဗျာပါဒတို့ ဂိမ်ဂေ့ပေါက်မှ ဝင်လာလျှင်၊ အချစ်သည် ပြတင်းပေါက်မှ ခုန်ဆင်းပြေး၏"*

ဟု စကားရှိ၏။

*"လောက၌ ပျော်ရွှင်ကြည်နူးမှု မရှိသောဘဝထက် ဆင်းရဲခြင်း မရှိ"*

ဟု စကားရှိသည်။ ယင်းသမို့ ခိုင်ကျဉ်သာယာမှုဘဝ ရရှိစေရန်အတွက် "အချစ်ဟူသည် ပိုင်ဆိုင်ခြင်း" ဟု တရားသေ မယူဆသင့်ပေ။

*"အချစ်တွင် ချစ်သူ့ဘဝ သာယာချမ်းမြေ့ရေး"*

ဟူသော အချက်တစ်ချက် ပါရှိသည်။ တူနှစ်ကိုယ်

တဲအိုပျက်မှာနေ၍ ထမင်းရည်ပူ ရက်ရသောဘဝသည် သာယာ ချမ်းမြေ့သောဘဝ မဟုတ်နိုင်။

ချစ်သူဘဝတွင် စိတ်ကူးယဉ်မှုနှင့် ဘဝကို တည်ဆောက်တတ်သည်။ ဤကဲ့သို့ပင် စိတ်ကူးယဉ်နှင့် လက်တွေ့ဘဝ ခြားနားချက်ကို သိသင့်သည်။

ချစ်သူဘဝတွင် ထင်သလို အိမ်ထောင်ရှင်ဘဝတွင် ဖြစ်ပေါ်ခြင်းမရှိပါက၊ အလိုမကျမှု၊ မကျေနပ်မှုများ ဖြစ်ပေါ်ပြီး၊ မုန်းတီးနာကျဉ်မှုများ ဖြစ်တတ်သည်။

ထို့ကြောင့် အချစ်ကို စိတ်ကူးယဉ်နှင့် တည်ဆောက်နိုင်သော်လည်း၊ အိမ်ထောင်ရေးဘဝကို ဦးနှောက်နှင့် ရောနှောဆုံးဖြတ်သင့်သည်။ အခြေအနေကို သုံးသပ်ရှုမြင်ရမည်။

ပိုင်ဆိုင်သင့်လျှင် ပိုင်ဆိုင်၍၊ ခွင့်လွှတ်သင့်လျှင် ခွင့်လွှတ်လိုက်သည်မှာ အကောင်းဆုံးပင်။ ။

## (၁၅)
## ‘အချစ်၏ ဖွင့်ဆိုချက်များ’

**အချစ်သည် . . .**
**တစ်ခါတစ်ရံတွင် ပန်းလိုမွှေး၍ စမ်းလိုအေး၏။**
**တစ်ခါတစ်ရံတွင် မီးလျှံလို ပူလောင်သည်။**

အချစ်ရေးရာကိစ္စသည် တရားသေ တွက်ဆ၍ ရသည့် ကိစ္စမဟုတ်ပါ။ ဆန့်ကျင်ဘက် လူသားနှစ်ဦး၏ နှလုံးသားမှ ဖြစ်တည်ပေါ်ပေါက်ခဲ့သော ကိစ္စဖြစ်သဖြင့်၊ နှစ်ဦး သား၏ သဘောတူညီမှုနှင့်အညီ ဖြစ်တည်သည့် သဘောရှိ

သည်။

တစ်ဦးကိုတစ်ဦး မေတ္တာ၊ သစ္စာနှင့် အကြင်နာတရားများ ညီမျှတူညီနေမည်ဆိုလျှင်၊ အပျော်ကို ရနိုင်သည်။ ချစ်သူတို့ ဘဝသည် ချမ်းမြေ့သည့်ဘဝဖြစ်၏။

စမ်းလိုအေး၊ ပန်းလိုမွှေးသည့် ဘဝကို ရရှိမည်ဖြစ်၏။

ချစ်သူနှစ်ဦး သဘောတူညီမှု မရှိခဲ့သော်၊ ထိုချစ်သူတို့ ဘဝသည် ပျော်ရွှင်ချမ်းမြေ့မှုကို ရနိုင်မည်မဟုတ်။

ထိုသူများအတွက် အချစ်သည် စမ်းလိုအေး၍၊ ပန်းလိုမွှေးမည် မဟုတ်။

မီးလျှံကို ပူလောင်မည်ဖြစ်၏။

ထို့ကြောင့် အချစ်နှင့်ပတ်သက်၍ တရားသေ တွက်လို့ရမည်မဟုတ်ပါ။ အအေးနှင့်အပူ ရောထွေးနေမည်ဖြစ်သည်။ အေးမြမှု၊ ပူလောင်မှု၊ စမ်းလိုအေးခြင်း၊ မီးလိုပူလောင်ခြင်းသည် ချစ်သူနှစ်ဦးအပေါ်တွင် မူတည်သည်ကို သိထားရမည်ဖြစ်၏။

**အချစ်သည် ခံစားမှု ဖြစ်၏။**
**နည်းနည်းချစ်လျှင် နည်းနည်း ခံစားရမည် ဖြစ်၏။**
**များများချစ်လျှင် များများ ခံစားရမည် ဖြစ်၏။**

အချစ်သည် ရင်ထဲ နှလုံးသားထဲမှ အခြေတည် ပွင့်သစ်လာသည့် သည်းဦးပန်းတစ်ပွင့် ဖြစ်သည်။ အချစ်သည် ဟန်ဆောင်၍ ရသောအရာမဟုတ်။

တစ်ချို့က . . .

*"အသည်းမပါဘဲ ချစ်သည်"*

ဟု ပြောကြသည်။

ဤစကားသည် ဟန်စနစ် စကားမှာ ဖြစ်၏။

အသည်းမပါဘဲချစ်၍မရ။ ချစ်ပြီဆိုသည်နှင့် အသည်းနှလုံးက စကားပြောလာသည်။ တစ်ဦးကိုတစ်ဦး ချစ်လာပြီဆိုလျှင်၊ အချစ်အနုအရင့်အလိုက် ခံစားမှုရှိသည်။

ထို့ကြောင့် ချစ်မိပြီဆိုသည်နှင့် ခံစားရမည်ဖြစ်သည်။ နည်းနည်းချစ်လျှင် နည်းနည်းခံစားရမည် ဖြစ်ပြီး၊ များများချစ်လျှင် များများ ခံစားရမည် ဖြစ်၏။

ရန်အောင် စာပေ

ထို့ကြောင့် "အချစ်တွင် ခံစားမှု မရှိ" ဟု ပြော၍မရ။

**အချစ်ကို ဖန်တီးယူ၍ မရ။**
**အချစ်ကို အတုအပ လုပ်ယူ၍ မရ။**

အချို့က . . .

*"အချစ်ကို ဖန်တီးယူလို့ရသည်"*

ဟု ပြောကြသည်။

အချို့က . . .

*"အချစ်ကို တုပလုပ်၍ ရသည်"*

ဟု ဆိုကြသည်။

ဤဆိုမိန့်ချက်သည် အမှန်မဟုတ်။ မုသားစကားသာ ဖြစ်၏။

စင်စစ်မူ အချစ်သည် ဖန်တီးယူ၍ မရ၊ တုပလုပ်ယူ၍ မရ။

ရန်အောင် စာပေ

အချစ်သည် . . .

ဘဝ၏ ထူးခြားထက်မြက်သည့် အင်အားတစ်ရပ်ဖြစ်၏။

ပိုက်ဆံကို ချေးတာသလို
အချစ်ကိုလည်း ချေးတာရာ၏။
အဘယ့်ကြောင့်ဆိုသော်
ဘယ်သူမှ ကြာကြာ မချစ်နိုင်၍တည်း . . . ။

'သမ္မားသတ်မွန်'

◆

မိန်းမတစ်ဦး၏ အချစ်ကို
ရဖို့အတွက်
ဦးတည်နေသော လမ်းများအတွက်
သနားခြင်းလမ်းသည်
အဖြောင့်တန်းဆုံးလမ်းတည်း . . . ။

'တောမောင်'

◆

သမီးရည်းစားအချစ်မှ
အိမ်ထောင်သည်အချစ်ကို
ကူးပြောင်းသွားပါတလည်း
အနှစ်သာရတမှ
မပြောင်းလွဲသင့်ပေ။

◆

အချစ်သည် အကြောနာရောဂါလို
နောက်တစ်ကြိမ် ပြန်ထလွယ်သည်။
'ဓပိန့်'

◆

ဘဝတစ်ခုကို ကောင်းကျိုးဆိုးကျိုး
ပြန်နိုင်အောင် စွမ်းဆောင်နိုင်သည့်
သီးခြားအင်အား တစ်ရပ်လည်း ရှိ၏
ထိုအင်အားက 'အချစ်တည်း' . . .
အချစ်ကို . . .

ရန်အောင် စာပေ

ဘဝအင်အားအဖြစ် ပြောင်းလွဲအသုံးချသင့်၏ . . . ။

◆

အချစ်စစ် အချစ်မှန်သည်
တဖွေနှင့် တူ၏
တဖွေအကြောင်း လူတိုင်း ပြောနေကြသော်လည်း
တွေ့ကြုံဖူးသူ ရှားလှ၏ . . . ။

'ပြင်သစ်'

◆

အချစ်ကြောင့် . . .
တန်းနေသော မျက်လုံးတို
အိမ်ထောင်ပြုခြင်းကား ပြန်၍ဖွင့်ပေးသည် . . . ။

'ဂျပန်'

◆

ကြင်နာမှုကလေးတွေ
မေတ္တာစကား ကလေးတွေ
ဒါတွေက . . . .
လောကကြီးကို မွေ့ပျော်စေတယ် . . . ။

'ဘူးဒါယမ်ကွန်း'

◆

ကျွန်ုပ်ကို . . .
တကယ်ချစ်သော မိန်းမသည်
ကိုးကွယ်ရာ တစ်ခုဖြစ်သည်။

'အီမီး ဒီဂါရာဒင်း'

◆

အချစ်သည် အိမ်ထောင်ပြုခြင်း၏
အာရုံဦး ဖြစ်သလို
အိမ်ထောင်ပြုခြင်းသည်လည်း
အချစ်၏ နေဝင်ဆည်းဆာ ဖြစ်၏ . . . ။

'ပြင်သစ်'

◆

တဏှာချစ်က လူ့ဘဝကို ဖန်တီးသည်
မေတ္တာချစ်က သူ့အလှကို ဖန်တီးသည်
'ဖရန်စစ် ဆာတွန်'

◆

ယောက်ျားတို့၏ အချစ်သည်
အများအားဖြင့် ရုပ်ရည်လှပမှုကိုသာ
စွဲလန်းတပ်မက်တတ်ကြသည်။
'ဂျမ်းဂျူပီ'

◆

အချစ်သည် . . .
ဥတစ်လုံးထက် ပို၍ ဆတ်သလို
မာကျောပြီဆိုလျှင်
ကျောက်ဆောင်ထက်ပင် ပို၏ . . . ။
'ယူဂိုဆလပ်'

◆

သူချစ် ကိုယ်ချစ်ဟာ
စိတ်ချမ်းမြေ့စရာ အားလုံးရဲ့
သရုပ်ပဲ . . . ။

'မိလ်တန်'

♦

အချစ်တရားတွင်
စိတ်ချမ်းသာမှုကိုပေးသော
နည်းလမ်းတစ်ထောင် ရှိသော်လည်း
သက်တောင့်သက်သာမှုကို
လုယူသွားသော နည်းလမ်းက ပိုများ၏ . . . ။

'ပွန်ဒမိုင်ဒင်'

♦

အချစ်ကို
ဆင်ခြင်တုံတရား မပါသော
ဆင်ခြင်နည်းဖြင့် ဆင်ခြင်အပ်၏ . . . ။

'ရှိတ်စပီးယား'

♦

ရန်အောင် စာပေ

အချစ်သည် . . .
အသည်းနှစ်စုံ၊ စိတ်နှစ်ခုကို
ပူးတွဲ ချည်နှောင်သော
ငွေချည် ငွေကြိုးတန်းတည်း . . . ။

'ဝေါလ်တာစကော့'

◆

လူလိမ္မာသည်
အချစ်ကို ယာဉ်အဖြစ် စီးနင်းပြီ
လူမိုက်တမူ
အချစ်၏ စီးနင်းမှုခံရန်
မိမိကိုယ်ကို မှတ်ထားတတ်၏ . . . ။

'တရုတ်'

◆

အချစ်သည် လူတန်းစား အားလုံး၏
ဆုံစည်းရာ လမ်းမကြီးတည်း . . . ။

'ဗေးဘတ်'

◆

အချစ်သည်

နတ်သုဒ္ဓါ တစ်ဝက်

အဆိပ်ရည် တစ်ဝက် . . . ။

'အဂ်လိပ်'

◆

အချစ်တိမ္မှ၌

ယုံကြည်မှုရှိဖို့ လိုသည်

မိတ်သဂ်ဟ တိမ္မှ၌

နားလည်မှု ရှိဖို့လိုသည် . . . ။

'အတ်မ်ဆောနတ်'

◆

ချစ်ဒုက္ခကို

တစ်ကြိမ်မျှ မခံစားဖူးသောသူသည်

အရှုး၏ ဘဝလောက်မျှ

အရသာ ရှိလိမ့်မည် မဟုတ်ချေ . . . ။

'အင်ဒွန်း'

◆

အချစ်သည်
ရှုပ်ရည်လှပခြင်းနှင့် မဆိုင်လေ
ခဏတာ ပျော်ဝင်းဖို့သာ အသုံးဝင်သည် . . .

'မာဒင်'

◆

မြောင့်မတ်တည်ငြိမ်သော အချစ်မှာ
ဘုရားသခင်က
လူသတ္တဝါကိုသာ ဝန်တီးပေးသော
လက်ဆောင်ဖြစ်သည် . . . ။

'ဝေါလ်တာဓကော့'

◆

ယောက်ျားများ၌ မျက်စေ့သည် လည်းကောင်း
မိန်းမများ၌ နားသည် လည်းကောင်း
အချစ် စတင်ဝင်ရောက်ရာ
တံခါးပေါက်များ ဖြစ်၏ . . . ။

'ပိုလန်'

◆

ရန်အောင် စာစုပေ

အချစ်နှင့် တို့လိုက်လျှင်
လူတိုင်း
ကဗျာဆရာ ဖြစ်လာတတ်ကြပေသည် . . . ။

'ပလေတို'

◆

အချစ်သည်
အနုပညာ တစ်ရပ်ဖြစ်သည်
အနုတ်နဲဆုံး အနုပညာလည်း ဖြစ်၏ . . . ။

'ဟာပင်တာ'

◆

ချစ်တတ်သူသည် 'အရူး' . . . ။

'လတ်တင်'

◆

အချစ်သည်
ဘဝ၏ အင်အားတည်း . . . ။

'အမေရိတန်'

◆

ကြင်နာမှုကလေးတွေ

မေတ္တာစကားလေးတွေ

ဒါတွေက . . .

လောကကြီးကို မွေ့ပျော်စေတယ် . . . ။

'ဘူဒါယမ်ဘွန်း'

# အပိုင်း

# သုံး

# အချစ်၏ ပြယုဂ်

ရန်အောင် စာပေ

## (၁၉)

## ‘အိမ်ထောင်ပြုကျွဲခြင်း၏ လျှို့ဝှက်ချက်’

အိမ်ထောင်ပြုခြင်းသည် ချစ်သူနှစ်ဦး ရည်တူစိတ်ထားနှင့် လွတ်လပ်စွာ ဘဝတစ်ခု တည်ဆောက်ခြင်းဖြစ်သည်။ အိမ်ထောင်ရေးကိစ္စတွင် သွေးသားဆန္ဒများပါဝင်သည်။

အချို့က အိမ်ထောင်ပြုခြင်းကို . . .

"*သံယောဇဉ်ကြိုးများ တိုးရစ်ချည်ခြင်း*"

ဟု ဆိုသည်။

ရန်အောင် စာပေ

ချစ်သူနှစ်ဦး အိမ်ထောင်ရေးဘဝတွင်းသို့ ခုန်ဆင်းလိုက်ခြင်းသည် လွတ်လပ်စွာ သေတပန် သက်တစ်ဆုံး အတူတကွ နေထိုင်နိုင်ရန် စိတ်တူကိုယ်တူ ဆုံးဖြတ်ကြခြင်းဟု ဆိုသည်။

အချို့က . . .

*"အိမ်ထောင်ပြုလိုက်ခြင်းသည် အချစ်ရှိသူနှစ်ဦး အတူတကွ နေထိုင်ကြခြင်း၊ သွေးသားဆန္ဒဖြင့် ထပ်မံ ချည်နှောင်ကြခြင်း"*

ဟု ဆိုသည်။

ထို့ကြောင့် . . .

*"အိမ်ထောင်ရေးဘဝတွင် ကွဲကွာခြင်းသည် မရှိနိုင်"*

ဟု ဆိုကြ၏။

သို့ပါလျက် ကွဲကွာခြင်း မရှိနိုင်သော နေရာတွင် ပြိုကွဲခြင်း၊ စွန့်ခွာခြင်းများ ရှိခဲ့ပါသနည်း။

ဤအချက်သည် စဉ်းစားစရာအချက်ပင်။

အချို့က စုစည်းခိုင်မာရမည့်အစား ပြိုကွဲပျက်စီးရ

ခြင်းသည် အကြောင်းတစ်စုံတစ်ရာကြောင့် ဖြစ်မည်။
ထိုအကြောင်းတစ်စုံတစ်ရာနှင့် ပတ်သက်၍ . . .

**အချစ်ပြယ်၍တု ဆိုသည်။**
**အချစ်မဲ့၍တု ဆိုသည်။**

ဤအချက်နှစ်ချက်သည် မှန်ကန်နိုင်ပါသလော။ မှန်ပေသည်။

ဤအချက်သည် အမှားတစ်ခုမှ မဖြစ်နိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် မတူညီသော မိသားစုနှစ်စုအတွင်းမှ လူသားနှစ်ဦး အတူတကွ နေထိုင်ကြခြင်းသည် သာမန်အဆင့် မဟုတ်နိုင်။ အိမ်ထောင်တစ်ခုကို ပြန်ကြည့်လျှင် အိမ်ထောင် အများစုသည် တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာခြင်းနှင့်အတူ တည်ဆောက်ကြခြင်းဖြစ်သည်။

ထိုအခါ သင်က အချစ်မပါပဲ တည်ဆောက်သော အိမ်ထောင်ရေးများရှိသည်ဟု ဆိုကောင်းဆိုချိမ့်မည်။ ဤ အချက်နှင့် ပတ်သက်၍ ငြင်းချက်ထုတ်မည် မဟုတ်ပါ။

သို့သော် လက်ချိုးရေတွက်၍ ရလောက်အောင် နည်းသည်ဟု ဆိုရမည်။ အများစုသည် ချစ်၍ ဘဝတစ်ခု

ထူထောင်ခြင်း၊ အိမ်ထောင်တစ်ခု တည်ထောင်ခြင်း ဖြစ်သည်မို့ အများစုကိစ္စကို ဦးစားပေး စဉ်းစားရမည်ပင်။ ။

အိမ်ထောင်ပြိုကွဲခြင်းကို သုတေသနပြုလျှင် အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အချစ်ပြယ်၍ အိမ်ထောင်ပြိုကွဲနိုင်သလို၊ အချစ်မဲ့၍လည်း အိမ်ထောင်ပြိုကွဲနိုင်ကြောင်း တွေ့ရ၏။

အများအားဖြင့် အချစ်ပြယ်၍ အိမ်ထောင်ပြိုကွဲရသည်ကို တွေ့ရ၏။

"အချစ်ပြယ်ရခြင်း" ကို အဓိကထား၍ ပြောရခြင်းသည် အကြောင်းမဲ့ မဟုတ်။ အိမ်ထောင်ရေးလောကတွင် တစ်ဦးကိုတစ်ဦး ချစ်ပြီးမှ အိမ်ထောင် ထူထောင်ကြသည်က များ၏။

အချို့က ချစ်ကြလျှင် အမုန်းမရှိဟု ဆို၏။

ဤစကားသည် လက်တွေ့မပါသည့် စိတ်ကူးယဉ်စကားသာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အချစ်သည် သစ်ပင်ပန်းမန်နှင့် တူနေသောကြောင့်တည်း။ သစ်ပင်ပန်းမန်

တို့ ရှင်သန်ကြီးထွားရန်အတွက် ပေါင်းသင်ရေလောင်းရ၏။

သို့နှယ်ပင် အချစ် ပြုံမြစ်ရှင်သန်ရန်အတွက် မွေးမြူရန် လိုအပ်၏။

အချို့က . . .

*"အချစ်ဆိုတာ နှလုံးသားက မြစ်တည် လာတာပါ။ ချစ်မိပြီ ဆိုရင် တစ်သက်၊ တစ်ဘဝပါ"*

ဟု ဆိုကြသည်။

သို့သော် အဘယ့်ကြောင့် တစ်ဘဝမဆုံးမီ အချစ်ဆုံးရသနည်း။ ။

*"အချစ်ဆိုတာ ချစ်နေယုံနဲ့ မပြီးဘူး"*

ဟု မိတ်ဆွေတစ်ဦးက ပြောသည်။ ဤစကား မှန်ပေသည်။ အချစ်ဟူသည် ရင်ထဲမှာ အခြေတည်နေသော အကြောင်းတရားတစ်ခုပင်။ ထို့ကြောင့် မြင်နိုင်စွမ်းမရှိ။ သိနိုင်စွမ်း

မရှိ။

အချစ်ကိုသိရန် ကြိုးစားစွမ်းဆောင်တတ်ဖို့ လိုသည်။ ယနေ့ အိမ်ထောင်ပြိုကွဲသူများကို လေ့လာကြည့်လျှင် သူတို့သည် ချစ်သည်ကိုပဲ သိကြသူများဖြစ်၏။ တစ်ခါက မိတ်ဆွေတစ်ဦးက . . .

*"သူနဲ့ ကျွန်တော်က ချစ်လို့ လက်ထပ်ပွဲကြတာပဲဗျာ။ ဒီအချိန်မှာ အချစ်ကို လှစ်ဟပြဖို့ မလိုတော့ပါဘူး"*

ဟု ဆိုသည်။

ဤအချက်သည် မမှန်ပါ။

လူ့သဘာဝတရားအရ အချစ်လျော့လျှင် ပေါ့သွားတတ်သည်မှာ ဓမ္မတာဖြစ်၏။ အိမ်ထောင်ရေးလောကတွင် နှစ်ဦးတည်းမကတော့ဘဲ သံယောဇဉ်များ ပါလာတတ်သဖြင့်၊ အချို့က အိမ်ထောင်ရှင်ဘဝသို့ ရောက်သည်နှင့် အချစ်ရေးထက် စီးပွားရေးကို ဦးစားပေးကြသည်။

တစ်ဦးကိုတစ်ဦး အချစ်၏ အသီးအပွင့် ဖြစ်သည်။ ယုယခြင်း၊ ကြင်နာခြင်းတို့ လျော့ပါးသွားတတ်သည်။ ထိုအခါ တစ်ဦးကိုတစ်ဦး ဂရုစိုက်မှု နည်းလာသလို၊ ဆက်ဆံရေးတွင်

တာဝန်ဝတ္တရား အဓိကထားလာသည်။

သို့ဖြင့် မဖြစ်သင့်သည်များ ဖြစ်တတ်၏။

အိမ်ထောင်ခိုင်မြဲရေးတွင် တာဝန်ဝတ္တရားထက် သဒ္ဒါချစ်ပါဖို့ အရေးကြီးသည်ကို သိထားသင့်သည်။

အိမ်ထောင်ပြိုကွဲခြင်း လှို့ဝှက်ချက်များကို လေ့လာလျှင် . . .

**၁။ အချစ်ပေါ်ချားခြင်း**

**၂။ သဒ္ဒါချစ်ထက် တာဝန်ချစ် များလာခြင်း၊**

စသည့် အချက်များကို တွေ့ရ၏။

ယင်းအချက်များက သတိထားရမည့် အချက်များဟု ဆိုလျှင်လည်း မှားမည်မဟုတ်ချေ။ ။

## (၁၇)

## 'အချစ်ပြယုဂ်' (၁)

**ချစ်လျက် မုန်းရသည့်အကြောင်း**
**သို့မဟုတ်**
**မိန်းမတို့ သိလာရန်**

သူ ကျွန်တော့်ဆီသို့ ရောက်လာသည်။ သူက ဖြူနွဲ့၍ အေးဆေးသည့်အသွင်ရှိသည်။ သူက ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်သူ။

"ဆရာ့ကို ဂုဏ်ပြုချင်စရာရှိလို့"
ဟု သူက ပြောသည်။

"ခုမာနဲ့ပတ်သက်လို့ မဟုတ်လား"

"ဆရာကြိုသိနေလား"

သူက တအံ့တသြ မေးသည်။ ကျွန်တော်ပြုံးလျက်။

"မဟုတ်ပါဘူး။ မင်းနဲ့ ခုမာ ပတ်သက်သလို၊ မင်းကိုယ်တိုင် ခုမာအကြောင်းနဲ့ပတ်သက်လို့ အများကြီး ပြောခဲ့တယ်လေ။ ဒါကြောင့်ပါ"
ဟု ဖြေရ၏။

"ဆရာ့အတွေး မှန်ပါတယ်။ ခုလဲ ခုမာအကြောင်း ပြောမလို့ပါ"

"ပြောပါဦး"

*"ကျွန်တော် ခုမှာကို ချစ်သူအဖြစ်က စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဆရာ"*

*"ဟေ . . ."*

ဒီတစ်ခါ အံ့ဩရသူက ကျွန်တော်။

တစ်ချိန်က အချစ်ဆုံးဟု ပြောခဲ့ပြီး၊ ဘာကြောင့် စွန့်လွှတ်ကျောခိုင်းရသနည်း။

*"မင်း ခုမှာကို သိပ်ချစ်တယ်ဆိုတာ ငါသိတယ်။ ခုတော့ မင်းသိပ်ချစ်တဲ့သူကို ကျောခိုင်းစွန့်ခွာဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတော့ မဆန်းဘူးလား"*

*"ဆရာပြောတာ မှန်ပါတယ်။ ကျွန်တော် သူ့ကို ချစ်ပါတယ်။ ဒါပေမယ့် ဆက်ချစ်လို့မဖြစ်ဘူးဆိုတာ သိလာတယ်"*

*"ဘာကြောင့်လဲ"*

"ဘာကြောင့်လဲဆိုရင် သူဟာ ချစ်စရာကောင်းသူပါ။ ဒါပေမယ့် ခက်တာက သူဟာ သူ့ကိုယ်သူ အထင်ကြီးလွန်းတယ်။ အရာရာကို တစွတ်ထိုးလုပ်တယ်။ ဒါကြောင့် မဖြစ်သင့်တာတွေ ဖြစ်လို့ စိတ်ဆိုးရတဲ့အကြိမ်က မနည်းတော့ဘူး။ ကြာရင် သူ့ကို နာကျင်မိလိမ့်မယ်။ နာကျင်မိရင် မကောင်းဘူးလေ။ ဒါကြောင့် သူ့ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တာ"

ကျွန်တော် ခေါင်းဆတ်လိုက်သည်။

အချို့မိန်းကလေးများက မိန်းကလေးအများစုကို စိုးရိမ်ထိတ်လန့်ခြင်း ကင်းသည်။ ငါစွဲရှိသည်။ ကိုယ့်ကိုကိုယ် အထင်ကြီးစိတ်ဝင်ကြသည်။ ထိုအထင်ကြီးစိတ်ကြောင့် အရာရာကို ငါစွဲနှင့် ဆုံးဖြတ်ကြသည်။

"ငါလုပ်တာမှန်တယ်"

ဟု ယူဆသည်။

တဖွတ်ထိုး လုပ်တတ်သည်။

ဤအချက်ကို ယောကျ်ားများ မနှစ်သက်ကြပါ။ တစ်ခါတစ်ရံ ချစ်၍ခွင့်လွှတ်ကြသော်လည်း၊ ကြိမ်ဖန်များစွာ ဖြစ်လျှင် ခွင့်လွှတ်စိတ် မထားနိုင်ကြ။ နာကျင်မုန်းတီးကြသည်။

ယောကျ်ားများသည် . . .

**၁။ ကိုယ့်ကိုကိုယ် အထင်ကြီးလွန်းသော မိန်းမများကို မြတ်နိုး ချစ်ခင်စိတ် နည်းပါးတတ်ကြသည်။**

**၂။ အရာရာ တဖွတ်ထိုး လုပ်တတ်သူများကို နှစ်သက်လေ့မရှိ။**

ကောက်ချက်ဆွဲလိုက်လျှင် . . .

*"မိမိကိုယ်ကို အထင်ကြီးပြီး အရာရာ တဖွတ်ထိုး လုပ်တတ်သည့် မိန်းမတို့အား 'မိန်းမဆိုး' ဟုယူဆတတ်ကြပြီး ချစ်စိတ်ပါးကာ မုန်းစိတ်ဝင်တတ်သည်"*

ဟု နားလည်မိသည်။ ။

## (၁၈)

## အချစ်ပြယုဂ် (၂)

## ''မိန်းမတစ်ဦး၏ ထူးခြားသည့် အချစ်ရာဇဝင်''

*"မိန်းမတွေဟာ ကိုယ်ချစ်သူကို ချစ်လာရင်၊ အမြဲတမ်း ငဲ့ညှာကြတယ်။ ကိုယ့်ချစ်သူ ဂုဏ်သိက္ခာကျစေမယ့် အပြစ်မျိုးကို ရှောင်ကြတယ်။ သည်းခံခွင့်လွှတ်ကြတယ်"*

ဟု မိန်းမတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောပြသည်။ သူ့ဖြစ်စဉ်ကလေးကလည်း စိတ်ဝင်စားစရာပင်။

သူက မယားကြီးနှင့် ကလေးသုံးယောက်ရပြီး၊

အရှုယ်ရောက်ခဲ့လေမှ ဒုတိယ မိန်းမတစ်ဦး ယူဖြစ်သည်။

ထို့ကြောင့် လင်မယားတွေ ပြဿနာ ဖြစ်သည်။

သူက မယားကြီးအား . . .

*"ဒီအဖြစ်ဆိုးဟာ ဆိုးဝါးတဲ့၊ ဂျပ်ဆိုးတဲ့ အဖြစ်ဆိုတာ ငါသိတယ်။ ငါဟာ မှားခဲ့သလို၊ ဘဝတံခွေးခွက်မှာ ပက်လက်မျောပြီလို့ ဆိုရမယ်။ ဒီအချိန်မှာ ငါ့အတွက် မင်းဟာ ကောက်ရိုးတစ်မျှင်ပဲ။ ငါ့သိက္ခာကို ဆယ်ယူနိုင်တာ မင်းပဲရှိတယ်"*

ဟု သူက ပြောသည်။

*"ဒီတော့ ဘယ်လိုဖြစ်လဲ"*

*"သူ နားလည်သွားတယ်လို့ ဆိုရမလားပဲ။ သူက ခွင့်လွှတ်လိုက်တယ်။ ဒါကြောင့် ပတ်ဝန်းကျင်အလယ်မှာ ငါ ခုလို ရပ်တည်နိုင်တာပေါ့"*

သူ့စကား။

သူ့စကားကို နားထောင်ရင်း ထူးခြားသည့် အချစ်

ရာဇဝင် စာတင်ရမည့် မိန်းမတစ်ဦး ပြေးမြင်လိုက်သည်။ သူက “ဒေါ်လှိုင်သူဇာ” တည်း။ ။

❀ ♥ ❀

ဒေါ်လှိုင်သူဇာအား အများက ထူးခြားသည့် မိန်းမဟု ပြောသည်။ ဤသို့ဖြစ်ရသည်မှာလည်း အကြောင်းရှိသည်။ ဒေါ်လှိုင်သူဇာက တည်ငြိမ်သော၊ ခိုင်ကျဉ်သော၊ သည်းခံခွင့်လွှတ်စိတ်၊ ချင်ဇိတ် ပြည့်လျှမ်းသော မိန်းမ ဖြစ်သောကြောင့် တည်း။

သူ၏ အချစ်ရာဇဝင်ကား . . . ။

ဒေါ်လှိုင်သူဇာ ခင်ပွန်းက အောင်မြင်သည့် အနုပညာရှင် တစ်ဦး။ သူ့ခင်ပွန်းက အောင်မြင်သလို၊ ရှုပ်ထွေးသည်။ အထူးသဖြင့် မိန်းမကိစ္စရှုပ်သည်။ ဤသို့ ရှုပ်ထွေးသော်လည်း ဒေါ်လှိုင်က ရွက်ကြမ်းရေယို မဟုတ်။

**ရုပ်ရည် ချောမောလှပသည်။**

**သန္တာကိုယ် အချိုးအစား ပြေပြစ်သည်။**

ရန်အောင် စာပေ

"ဒေါ်လှိုင်လို မိန်းကလေးတစ်ဦးကို ပိုင်ဆိုင်ထားရက်
နဲ့ကို 'မျိုး၆၀' ဘာလို့ ခုလို ဖောက်ပြန်တာလဲ"

ဟု အဖြေရှာကြသည်။ ဒေါ်လှိုင်ကိုယ်တိုင်ကမူ . .

"ဒီလိုကိစ္စမျိုးကို ဘယ်သူလိုလားနှစ်သက်မလဲ။ လူ့
ပတ်ဝန်းကျင်အလယ်မှာ ဆိုးဝါးတဲ့ လူမှုရေးပြစ်မှုတစ်ခု
ကျူးလွန်တာပဲလေ။ ဒီလို မကောင်းမှုကို ဘယ်သူက
လုပ်ချင်မလဲ။ မကောင်းမှုန်း သိရက်နဲ့ လုပ်ဖြစ်တာဟာ
အတိတ်က အကြောင်းမကောင်းလို့ဘဲပေါ့"
ဟု ပြောသည်။

ထို့အတူ သူက . . .

"မိန်းမဆိုတာ ယောကျ်ားရဲ့ အားပေးဖော်၊ ကြင်နာဖက်
လေ။ သူ့မှာ မာန်တက်ရင် တက်နေမယ်။ ဒါပေမယ့်
သူ့ကံအကြောင်း မကောင်းဘူးဆိုတာ သိသင့်တယ်။
ဒါကြောင့် သူ့ကို ပေးမရမယ်။ ကိုယ့်ကြောင့် သူ
သောကမ ဗျာပါဒ မဖြစ်သင့်ဘူး" တဲ့။

"ကျွန်မ သူ့ကို ချစ်လို့ ယူခဲ့တာလေ။ ဒီအချစ်ဟာ ပျက်ပြယ်မှာ မဟုတ်ဘူး။ သူ့ကို အရင်က ချစ်ခဲ့သလို၊ အခု ချစ်နေမှာပဲ။ သူ့အတွက် ပါရမီ ဖြည့်နေမှာပဲ။ သူ့ဂုဏ်သိက္ခာကို ဆည်နေမှာပဲ"

"တကယ်တော့ လောကမှာ ကိုးကွဲ့ကို စလောင်းကွဲ့နဲ့ ဖုံးတယ်ဆိုတာ မကောင်းမှုပြုခြင်းတစ်မျိုးပဲ။ မိန်းမ တစ်ယောက်ဟာ စိတ်ထားဖြူစင်ရမယ်။ ဘယ်သူတရား ပျက်ပျက် ကိုယ်မပျက်နဲ့ ဆိုတဲ့စကားလို၊ ကိုယ့်ဘက်က ဖြူစင်စွာ နေရမယ်။ မယားကောင်းမယားမွတ်အဖြစ် အချစ်စစ်နဲ့ ရပ်တည်နေရမယ်။ ကျွန်မဟာ ကိုမျိုးဘဝမှာ နံပါတ်တစ်လေ။ ကျွန်မနေရာကို ဘယ်သူမှ အစားဝင်လို့ မရဘူး။ ကျွန်မကလည်း ကျွန်မ ဂုဏ်သိက္ခာနဲ့ ကျွန်မ ရပ်တည်ရမယ်"

ဟု သူက ပြောသည်။

ဒေါ်လှိုင်က ကိုမျိုးဝေ၏ ဖွဲ့ကိုလည်း အမျိုးမျိုး ခံယူသည်။ ထို့ကြောင့်လားမသိ။ ကိုမျိုးဝေ ကမ်းကုန်အောင် ဆိုးခဲ့သော်လည်း ဒေါ်လှိုင့်ကို ဥပက္ခာမပြုခဲ့။

*"လိုင်ဟာ ကျွန်တော့်ဘဝရဲ့ ပထမပါ"*

ဟု အမြဲတမ်းပြောသည်။

နောက်ဆုံး ဒေါ်လှိုင်၏ ရင်ခွင်ရိပ်ညိုတွင် ကိုမျိုးဝေ မှေးမိုတ်သွားခဲ့သည်။

ကိုမျိုးဝေ သေတော့ . . .

*"ကျွန်မ သူ့ကိုပေါ် သစ္စာမဖျက်ခဲ့ပါဘူး။ ကချစ်လည်း မဖျက်ခဲ့ပါဘူး။ သူ့ကိုပေါ် ကျွန်မ ဘယ်လောက်ခွင့်လွှတ် နားလည်ခဲ့တယ်ဆိုတာ သူကသိပါ"*

ဟု ပြောသည်။

*"ခုတော့ ကျွန်မ စိတ်အေးချမ်းသာရပါပြီ။ သူလဲ ငြိမ်းချမ်း သွားပြီလေ။ သူ့ကိုကျွက် ဝဋ်ကြွေးကျန်ခဲ့သွားတဲ့ကျွက် ကျွန်မ ကျေနပ်တယ်"*

ဟု သူက ပြောသည်။

သူ့မျက်ဝန်းညိုတွင် မျက်ရည်တို့ အပြည့်။

ကျွန်တော်တို့ကမူ ဒေါ်လှိုင်သူဇာ၏အချစ်နှင့်၊ မိန်းမ

ပီသမှု သဘောသဘာဝကို ကျေနပ်အားရလှသဖြင့်၊ ကျေနပ်ဂုဏ်ယူရ၏။

ထို့အတူ ဒေါ်လှိုင်၏ အချစ်အား . . .

*"အနိုင်းမဲ့ မှန်မြတ်သော အချစ်"*

ဟု နားလည်လိုက်မိသည်။ ။

ရန်အောင် စာပေ

**နိဂုံး**

**သို့မဟုတ်**

**'အချစ် သက်တော်ရာကျော် ရှည်စေသတည်း'**

အချစ်အကြောင်းသည် ရေးလို့မကုန်သော၊ ပြောရ၍မဝသော အကြောင်းဖြစ်သည်။ လူတွေရှိနေသမျှ အချစ်သည် ရှိနေမည်ပင်။ အချစ်ဖွင့်ဆိုချက်များသည်လည်း အမြဲတမ်းသစ်လွင်နေမည်မှာ မုချဖြစ်၏။

ယင်းသို့ အချစ်ကို ဖွင့်ဆိုရာတွင် ဖွင့်ဆိုချက်များသည်လည်း တစ်ဦးနှင့်တစ်ဦး တူညီမည်မဟုတ်။ သူ့အတွေးသူ့အမြင်အတိုင်း ရှိနေပေလိမ့်မည်ပင်။

ရန်အောင် စာပေ

ဤ '**ဓေ့ထားသည့် အချစ်တံခါး**' စာအုပ်သည် အချစ်အကြောင်း စာအုပ်တစ်အုပ် ဖြစ်၏။ ကျွန်တော်ရေးခဲ့ဖူးသည့် အချစ်အကြောင်း စာအုပ်များနှင့် မတူသော မူကွဲစာအုပ် တစ်အုပ်ဟု ဆိုရမည်ပင်။

အချစ်ကို ကျွန်တော်မြင်သလို၊ တွေးမိသလို ရေးသားခဲ့သည့် စာအုပ်သာဖြစ်၏။

ထို့ကြောင့် အချို့သော အချစ်အမြင်များသည့် စာရှုသူ ပရိသတ်နှင့် ထော်လော်ကန့်လန့် ဖြစ်ကောင်းဖြစ်နေနိုင်သည်။ အမြင်မတော် ဆင်တော်နှင့် ခလောက် ဖြစ်ချင်ဖြစ်နေပေလိမ့်မည်။

သို့တစေ ပြောင်းလွဲလာသော ခေတ်နှင့်အတူ ဖြစ်တည်ခဲ့သော အချစ်သာ ဖြစ်သဖြင့်၊ တစ်ချိန်ချိန်တွင် သဘောကို နားလည်ပေလိမ့်မည်ပင်။ ဒါကပင် အချစ်သစ်အဘိဓမ္မာဖြစ်သည်။ ။

❦ ♥ ❦

ရန်အောင် စာပေ

တလောက ကျွန်တော့်ကို မိတ်ဆွေတစ်ဦးက . . .

*"ဆရာ့ အခုတလော အချစ်စာအုပ်တွေ ရေးမှန်တယ်နော်"*

ဟု ပြောသည်။

ကျွန်တော် ပြုံးလျက် . . .

*"အချစ်ဟာ အမြဲတမ်း သစ်လွင်နေတဲ့ ခံစားမှုလေး။*

*အချစ်ဟာ နုသစ်နေတဲ့ အတွေးသစ်ဆိုလည်း မမှားဘူး။*

*လူ့ဘဝရဲ့ အဟာရ တစ်ခုလေ"*

*"ဒါဆို ဆရာက အချစ် သက်တော်ရာကျော် ရှည်စေဖို့ မြူရှ ပျိုးထောင်နေတာလား"*

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ထို့အတူ ရင်ထဲမှာ တိုးတိုးရေရွတ်လိုက်မိသည်။

**အချစ် သက်တော်ရာကျော် ရှည်စေသတည်း . . . ။**

**အချစ် သက်တော်ရာကျော် ရှည်စေသတည်း . . . . ။**

အောင်မြတ်ဦး

၂ · ၉ · ၂၀၀၂

ရန်အောင် စာပေ